တန်ခိုးထက်မြက်သည့်

# ဗုဒ္ဓဂုဏ်တော် ပုတီးစိပ်နည်း



## သမထဦးအောင်မြတ်

၁၄၅၄၈

ပြည်လုံးကျွတ်ဖြန့်ချိရေး

ဗန်းစာအဖွဲ့

အမှတ် ၁၉၃ (က/၁)၊ ၃၃ လမ်း
ရန်ကုန်မြို့

# ပုံနှိပ်မှတ်တမ်း

စာနယ်ဇင်းမျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၇၄)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်
မှတ်ပုံတင်အမှတ် (၁၂၂၇)

စက်တင်ဘာလ၊ ၁၉၇၀ ခု

ဒုတိယအကြိမ်

အုပ်ရေ ၂၀၀၀

အဖုံးရိုက်၊ လွတ်လပ်ရေး

စာအုပ်ချုပ်၊ စုပေါင်း၊ ၃၂လမ်း

တန်ဖိုး ၁၂ ကျပ်

ဦးမောင်မောင်လွင် (၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက် အမှတ် ၂၀၄၊ လမ်း ၃၀၊ ရန်ကုန်မြို့ မှ ပုံနှိပ်၍၊ ဦးအုန်းညွန့် မြတ်စာပေ (မြ ၀၁၃၇၅) အမှတ် ၅၄၊ ၆၄-လမ်း ကန်တော်ကလေး၊ရန်ကုန်မြို့ က ထုတ်ဝေသည်။

## မာတိကာ


၁။ စာရေးသူ၏ အမှာ .... ၁၀
၂။ ပုတီးသမိုင်း .... ၁၃
၃။ ပုတီး၏ အကျိုး .... ၁၇
၄။ ပုတီးစိပ်ခြင်း .... ၂၇
၅။ ပုတီး ၃ လုံးစိပ်ခြင်း .... ၂၈
၆။ (၁၀၈)ပုတီးအကြောင်း .... ၂၉
၇။ ပုတီးစိပ်ခြင်း၏ အကျိုးကျေးဇူး .... ၃၂
၈။ ပြုအပ်သောပုဗ္ဗကိစ္စကိုပြုခြင်း .... ၃၈
၉။ ဘုရားကန်တော့ရန် .... ၄၀
၁၀။ ဘုရားကန်တော့ပြီး ခန္ဓာကိုယ်လှူဒါန်းရန် .... ၄၁
၁၁။ ခန္ဓာကိုယ်လှူဒါန်းပြီး ဆုတောင်းပတ္ထနာပြုရန်.... ၄၂
၁၂။ အရိယာပုဂ္ဂိုလ်တို့အား ကန်တော့ရန် .... ၄၄
၁၃။ အရဟံဂုဏ်တော်နှလုံးသွင်းရန် .... ၄၆
၁၄။ သမထဝိပဿနာတို့၏ ရှေးဦးစွာ အားထုတ်အပ်သောပုဗ္ဗကိစ္စသဗ္ဗတ္ထကကမ္မဋ္ဌာန်းအစဉ်ကို ပြခြင်း .... ၄၉

၁၅။ မေတ္တာပို့ရန် အစီအစဉ် .... ၅၀
၁၆။ ၅၂၈ အစီအစဉ်မာတိကာများ .... ၅၀
၁၇။ ၅၂၈ သွယ်သောမေတ္တာပို့သပုံ ပို့သနည်း .... ၅၄
၁၈။ ဩဓိသ၊အနောဓိသမေတ္တာပို့သရန်နည်း .... ၅၅
၁၉။ ဒိသာဖရဏမေတ္တာပို့သရန် .... ၅၇
၂၀။ ထိုင်ပုံထိုင်နည်း .... ၅၉
၂၁။ ပုတီးစိပ်အားထုတ်ရာ၌ လိုအပ်သောအချိန် .... ၆၀
၂၂။ "မဟာဇေယျသိဒ္ဓိကာမဒဒမာလိနီ"
သုဂတော ဂုဏ်တော်ပုတီးစိပ်နည်း .... ၆၃
၂၃။ ၉ ဌာန ဘုရားရှိခိုး ပုတီးစိပ် .... ၆၈
၂၄။ ၉ ဌာနဂုဏ်တော် ပုတီးစိပ်နည်း .... ၈၆
၂၅။ ပရိက်ပြု ကန်တော့ခန်းနှင့် မေတ္တာကမ္မဋ္ဌာန်း .... ၈၉
၂၆။ မိမိခန္ဓာကိုယ် လှူဒါန်းခြင်း .... ၉၂
၂၇။ မေတ္တာဘော်ကို ခံယူခြင်း .... ၉၃
၂၈။ မေတ္တာပို့နှင့် အမျှပေးဝေခြင်း .... ၉၅
၂၉။ ခန္ဓာငါးပါး အနိစ္စ ပုတီးစိပ် .... ၁၀၁
၃၀။ ခန္ဓာငါးပါး ဒုက္ခ ပုတီးစိပ် .... ၁၀၂
၃၁။ ခန္ဓာငါးပါး အနတ္တ ပုတီးစိပ် .... ၁၀၃
၃၂။ ဝိပဿနာ ဂါထာကြီးများ အနိစ္စပုတီးစိပ်
ဂါထာပါဠိ အနက် .... ၁၀၄
၃၃။ ဒုက္ခပုတီးစိပ် ဂါထာပါဠိ အနက် .... ၁၀၆
၃၄။ အနတ္တပုတီးစိပ်ဂါထာပါဠိအနက် .... ၁၀၈
၃၅။ ပိဋကတ်သုံးပုံ ဘုရားရှိခိုးကြီး .... ၁၁၀
၃၆။ ပိဋကတ်သုံးပုံ ဘုရားရှိခိုးကြီး အနက် .... ၁၁၂

၃၇။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးအမြဲ
မပြတ် ပုတီးစိပ်တော်မူသော မဟာ သရဏဂုံ
တော်ကြီး ....
၃၈။ ဂုဏ်တော် ၉ ပါးတို့၏ အဓိပ္ပာယ် အကျဉ်း ....
၃၉။ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးပွားတိုး
ရာမှန် ရှင်အရဟံ ပုတီးစိပ်နည်း နိဿရည်း
အတ္ထုပ္ပတ္တိ စာတမ်း ....
၄၀။ ဂုဏ်တော်ကွန်ချာကြီးများ တရာ့ရှစ်
နဝင်းကိုက် ....
၄၁။ ဂုဏ်တော် ကိုးပါး အနုလုံပဋိလုံ စိပ်နည်း ....
၄၂။ ဂုဏ်တော် ကွန်ချာကြီး တရာ့ရှစ် နဝင်းကိုက်
ပုတီးစိပ်နည်း ....
၄၃။ ပဋ္ဌာန်းဒေသနာတော်၏ သိကောင်းစရာများ ....
၄၄။ အတုမဲ့ တန်ခိုးတော်ထင်ပေါ်လာခြင်း ....
၄၅။ ထူးခြားချက်များ ....
၄၆။ ၂၄-ပစ္စည်းပဋ္ဌာန်းအနုလုံပဋိလုံပုတီးစိပ်နည်း ....
၄၇။ ပဋ္ဌာန်းကွန်ချာကြီး တရာ့ရှစ် နဝင်းကိုက်
ပုတီးစိပ်နည်း ....
၄၈။ သရဏဂုံ သုံးပါး ပုတီးစိပ်နည်း ....
၄၉။ စ ခ ဗ ဝ စမ ဆုတောင်းပါဠိ ပုတီးစိပ်နည်း ....
၅၀။ ဆရာတော် ဒေဝိန္ဒကိုယ်တော်ကြီး အမြဲသရဇ္ဈာယ်
သော ဂါထာ ပုတီးစိပ်နည်း ....
၅၁။ ပဋ္ဌမံ ဂါထာတော်ကြီး ....
၅၂။ မနောမယ ဣဒ္ဓိသသယ်ဂုဏ်တော်ပုတီးစိပ်နည်း....

၅၃။ အောင်စကြာ ဆုတောင်း ဂါထာပါဠိ
ပုတီးစိပ်နည်း .... ၁၆၈
၅၄။ ဘုရားရှိခိုး၍ ရွတ်ဖတ်တော်မူသော ဥပါဒ်-
အန္တရာယ်အကွယ်အကာ (စက်ပရိတ်တော်ကြီး).... ၁၆၉
၅၅။ သတ္တဌာန ဘုရားရှိခိုး .... ၁၇၅
၅၆။ ဘုရားငါးဆူ အန္တရာယ်ကင်း ဂါထာတော် .... ၁၇၈
၅၇။ ယက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသ၏
အတ္ထုပ္ပတ္တိ .... ၁၈၃
၅၈။ ယက်ကန်းစင်တောင်ဆရာတော် အမြဲရွတ်ဖတ်
တော်မူသော သမ္ဗုဒ္ဓေကြီး .... ၁၈၉
၅၉။ ယက်ကန်းစင်တောင်ဆရာတော်ဦးဩဘာသ၏
သိဒ္ဓိအောင် ပုတီးစိပ်နည်း .... ၁၉၀
၆၀။ ယက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသ
အမြဲရွတ်ဆိုသော သမ္ဗုဒ္ဓေ .... ၁၉၁
၆၁။ အောင်ခြင်းရှစ်ပါးအချုပ်ဂါထာ .... ၁၉၅
၆၂။ အရဟံဂုဏ်တော်ကိုးပါးကွန်ချာကြီး .... ၁၉၉
၆၃။ ဂုဏ်တော်ကွန်ချာကြီး တရားရှစ်နဝင်း
ပုတီးစိပ်နည်း .... ၂၀၃
၆၄။ ဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း
ပုတီးစိပ်နည်း .... ၂၁၁
၆၅။ တရားဂုဏ်တော် ၆ ပါးရှိခိုး
ဆုတောင်းပုတီးစိပ်နည်း .... ၂၁၅
၆၆။ သံဃာ့ဂုဏ်တော်ကိုးပါး ရှိခိုး
ဆုတောင်းပုတီးစိပ်နည်း .... ၂၁၉

တန်ခိုးထက်မြက်သည့်

# ဗုဒ္ဓဂုဏ်တော်ပုတီးစိပ်နည်း

(သမထ) ဦးအောင်မြတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ကျွန်ုပ်သည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ဖူးမြော်ကန်တော့ပါ၏။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘနှစ်ပါး ဖြစ်ကြကုန်သော မေ့မိခင် ဖခင်တို့နှင့် ကျေးဇူးရှင် ဆရာသခင် သူတော်စင်၊ သူတော်မြတ်၊ ပါရမီရှင်၊ သိဒ္ဓိရှင်ပုဂ္ဂိုလ်မြတ်များအား ရိုသေစွာ ရှိခိုးပူဇော် ကန်တော့ပါ၏။

(သမထ) ဦးအောင်မြတ်

---

(ဒုတိယအကြိမ်)

## စာရေးသူ၏အမှာ

"တန်ခိုးထက်မြက်သည့်ဗုဒ္ဓဂုဏ်တော်ပုတီးစိပ်နည်း"စာအုပ်ပြုစုရန် ရည်ရွယ်သည်မှာ ကြာညောင်းခဲ့သော်လည်းအထမမြောက်ဖြစ်ခဲ့ပါသည်၊ အကြောင်းမှု ဤစာအုပ် ပြုစုရေးသားရာတွင် ရှေးပညာရှိ ကဝိဆရာကြီးများ ရေးသားသော စာအုပ်ပေါ်ကို မှီငြမ်း၍ ရေးသားလိုသောဆန္ဒကြောင့်၊ပုတီးစိပ်ခြင်းနှင့်ပတ်သက်သော စာအုပ်များကိုနှစ်ရှည်လများ စုဆောင်းနေခြင်းဖြစ်ပါသည်။

ပုတီးစိပ်ခြင်းသည် သမထယာနိကအားထုတ်သော သူများသာဟု လူသိ များခဲ့ပါသည်။ ဝိပဿနာတရားကို ကျင့်ကြံသော သူများအဖို့ ပုတီးစိပ်ရန်မလိုဟု စွဲမှတ်ခြင်းကို 'လယ်တီဆရာတော်ဘုရား' ရေးသားသောကျမ်းမှ ဝိပဿနာ ပုတီးစိပ် ဂါထာတော်များ ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ဤစာအုပ်ရေးသားရခြင်း ရည်ရွယ်ချက်မှာ မြတ်ဗုဒ္ဓ၏သာသနာတော်ကို(၇) ရက်သားသမီးများပိုမိုလေးနက်ကြည်ညိုခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကြီး ရောင်ဝါနေသို့ ထွန်းလင်းစေရန် လေးနက်ရှတ်ဆို ပွားများကြရာ (၇) ရက်သားသမီးတို့ ရတနာသုံးပါးကိုမမေ့မလျော့ပဲ ဘေးရန်အန္တရာယ်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေရန်ဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားပြုစုရာ၌ စာရေးသူ ကိုယ်ပိုင်အသိဖြင့် ရေးသားခြင်းမျိုး မဟုတ်ပါ၊ ရဟန်းဆရာတော်၊ လူဆရာများရေးသားသော ကျမ်းအစောင်စောင်များမှ ကောက်နုတ်ဖော်ပြ ရေးသားကြောင်း ဝန်ခံအပ်ပါသည်။

(သမထ)ဦးအောင်မြင့်

# ပုတီးသမိုင်း

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဘရင်ဂျီဘာသာ၊ မိုဟာမက်ဘာသာ၊ ဟိန္ဒူဘာသာ စသည်ဖြင့် ဘာသာတိုင်း ဘာသာတိုင်း၊ လူမျိုးတိုင်း လူမျိုးတိုင်း ပုတီးကို တွေ့ဖူး မြင်ဖူး အသုံးပြုဖူးကြသော်လည်း ပုတီး၏ အကြောင်းကိုကား သိရှိနားလည်သူ သတိပြုမိသူ အလွန်နည်းပါးကြပေသည်။

လူအချို့တို့ကား-ဘုရားမှာ ပုတီးရှိသလား၊သူရားသည် ပုတီးစိပ်သလား၊ ပုတီးစိပ်ရန် ဘုရားက ဟောခဲ့သလား၊ ပုတီးစိပ်ရန် ပိဋကတ်တော်၌ ညွှန်ကြားသလား၊ မည်သည့် ပါဠိတော် အဋ္ဌကထာ ဋီကာများတွင် လာရှိသနည်း၊ စသည်ဖြင့် ရှည်ရှည်လျားလျား ပြောကြား မေးမြန်းတတ်ကြလေသည်။

ပုတီးအကြောင်း ပုတီးစိပ်ကြောင်းကို စင်စစ်အားဖြင့် မည်သည့် ပါဠိတော် အဋ္ဌကထာ ဋီကာများတွင်မျှ မတွေ့မမြင်ခဲ့မိပေ၊ သို့ရာတွင် သာဝကများတို့အား ပစ္စည်း လေးပါးတို့၌ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲရန်ကိုကား မှာကြား ဆုံးမခွင့်ပြုတော်မူသည်ကို တွေ့မြင်သိရှိရပေသည်၊

ပုထုဇန်ရဟန်းတို့မှာကား ပစ္စဝက္ခေဏာဆင်ခြင်ရာတွင် သတိသမ္ပဇာဉ်ရှိသောကြောင့် ဘယ်နှစ်ခေါက်ရပြီ၊ ဘယ်ပစ္စည်းကို ဆင်ခြင်ပြီးပြီစသည်ဖြင့် မှတ်မိနိုင်ရန် အဋ္ဌကထာသံဂါယနာတင် ဆရာတို့က ထားခဲ့ဟန် ရှိလေသည်။ ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါ စသည်တို့မှာကား သတိသမ္ပဇာဉ်မရှိသောကြောင့် ပုတီးဆောင်ရန် လိုအပ်လိမ့်မည် မဟုတ်ပေ။

ရှေးခေတ်လူတို့သည် အရိုးကမ္မဋ္ဌာန်းလည်းဖြစ် ပစ္စဝေက္ခဏာလည်း ဆင်ခြင်သတိရစေခြင်းငှာ ခွေးရိုး၊ နွားရိုး၊ ဆိတ်ရိုး၊ကျဲရိုး၊ ဆင်ရိုး၊ ဆင်စွယ်၊ ကျွဲချို၊ နွားချို စသော တိရစ္ဆာန်တို့၏အရိုး၊ အစွယ်၊ ဦးချို စသည်တို့ဖြင့် ပုတီးများကို ပြုလုပ် ကိုင်ဆောင်ကြလေသည်။

တောရပ်များ၌ကား ကြိတ်သီး၊ ကြိမ်သီး၊ ပေသီး၊ ဗုဒ္ဓသရဏသီး၊ ဗောဓိသီး စသည်တို့ကို ပုတီးပြုလုပ်စီမံ၍ ကိုင်ဆောင်သုံးစွဲကြသည်ကိုလည်း တွေ့ရှိရလေသည်။

ယခုခေတ်—ဥစ္စာဓနကုံလုံပြည့်စုံသူတို့ကား ကျောက်စိမ်း၊ ပယင်း၊ ပုလဲ၊ ဆင်စွယ်၊ ကျောက်၊ အုန်း၊ ဖန် စသည်တို့ကို ပွတ်ခံစီမံပြုလုပ်၍ ပုတီးအဖြစ် ကိုင်ဆောင်သုံးစွဲကြလေသည်။

စိပ်ပုတီးကို ကိုင်ဆောင်သုံးစွဲသူတို့သည် မိမိတို့ရည်ရွယ်ချက် စိတ်ဆန္ဒအမျိုးမျိုးရှိကြသည့်အားလျော်စွာ စိပ်ပုတီး၏ ပုတီးလုံးရေကို စီမံကန့်သတ်ရာ၌လည်း တဦးနှင့်တဦးမတူ၊ အမျိုးမျိုး အဖုံဖုံ ကွဲပြားကြကုန်၏။

ရှေးဆရာတော်ကြီးများရေးသည့် ဆပည့ာသ ဗုဒ္ဓ ဂုဏ¨၊ အဠဝီသတိဓမ္မဂုဏ¨၊စတုဝီသတိသံဃဂုဏ¨၊ဣဒ¨ဓမ္မသလက္ခဏ¨။ ဟု ပုတီး၏ လက္ခဏာကို မိန့်ဆိုချက်အရ—

အချို့သောသူတို့ကား ဘုရားဂုဏ်တော် ၅၆ ပါး၊ တရားဂုဏ်တော် ၂၀ ပါး၊ သံဃာ့ဂုဏ်တော် ၂၄ ပါးဖြင့် ပေါင်း- ဂုဏ်တော် ၁၀၀ ပါးကို ရည်စူး၍လည်းကောင်း—

တနည်း ဘုရားဂုဏ်တော် ၄၀ ပါး၊တရားဂုဏ်တော် ၃၀ ပါး၊ သံဃာ့ဂုဏ်တော် ၂၂ ပါး အားဖြင့် ရတနာသုံးပါး ဂုဏ်တော် ၁၀၀ ပါးကိုရည်စူး၍၎င်း၊အချို့ကလည်း ပုတီး ၁၀၀ လုံးထား ကြဟန် လက္ခဏာရှိပါသည်၊

လောကီနည်းဖြင့်ကား ဂြိုဟ်သက် ၁၀၀ ကိုသော်၎င်း၊ သတ္တဗီသနက္ခတ် ၁၀၀ နဝင်းကိုသော်၎င်း၊ တြင်းကြေ နဝင်းကြေ မန္တာန်မန္တားစုတ်ကြရန်အလို့ငှာ ၁၀၀ လုံး ထားကြသည်ကို လည်း တွေ့ရှိရပါသည်၊

အချို့တို့မှာကား အာဝေဏိကဂုဏ်တော် ၁၀ ပါးကိုရည်၍ ၁၀ လုံး။ ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာ့ဂုဏ်တော် ၉ ပါးတို့ကို ပေါင်း၍ ဂုဏ်တော် ၂၄ ပါး အားရည်ညွှန်း၍ပုတီး ၂၄ လုံး၊ဒွတ္တိံသကာယ ၃၂ ကောဋ္ဌာသ

ကို ရှည်၍ ပုတီးလုံး ၃၂ လုံး။ ဘောလေးဆယ် ကမ္မဋ္ဌာန်း ၄၀ ကို ရှည်၍ ပုတီး ၄၀ အားဖြင့် အမျိုးမျိုး မိမိတို့စိတ်သန်ရာ ထားရှိကြသည်ကိုလည်း တွေ့ရှိရလေသည်။

# ပုတီး၏ အကျိုး

ဟတ္ထေ သီသေ ဂီဝါ မုခေ
ဂေဟေစ လဂ္ဂိတော နရော၊
ကပ္ပ သဘာသဟာဿံ
ဒုဂ္ဂတိံ နသော ဂစ္ဆတိ၊

(ခုဒ္ဒကနိပါတ်)

ပုတီးကိုစိပ်သည်ဖြစ်စေ၊ မစိပ်သည်ဖြစ်စေ မည်သူမည်ဝါမဆို ဦးခေါင်းလည်ပင်းမျက်နှာအိမ်မိုး စသည်တို့၌ထား၍ ကိုးကွယ်သည်ဖြစ်အံ့၊ ထိုသူသည် ကမ္ဘာတသိန်းတိုင် အပါယ်မလားရာ—ဟူ၍ ဆိုထားလေသည်။

ရှေးဆရာတော်ကြီးများရေးသည့် အကြောင်းပြု၍ လက္ခဏာရေးသုံးပါးကို ဆင်ခြင်ခြင်း၊ ရတနာသုံးပါးဂုဏ်တော်ကို ပွားများခြင်းစသည်ဖြင့် ပုတီးအပတ်ပေါင်းတရာ တထောင် စသည် ပွားများခဲ့သည်ရှိသော် အပါယ်တံခါးလည်းပိတ်ကြောင်းဖြစ်၍ လောကီ-လောကုတ္တရာလည်း အလွန်အကျိုးများလှပေသည်။

ရတနာသုံးပါး ဂုဏ်တော်ပွားများခြင်း ဝိပဿနာဘာဝနာ ဆင်ခြင်အောက်မေ့ခြင်းစသည်ဖြင့် ပုတီးစိပ်ရသည်ကို မဆိုထား ဘိဦး၊ ဤပုတီးသည်ကား–ရတနာသုံးပါးဂုဏ်ကို ရည်စူး၍ထား သော ပုတီးဖြစ်ပေသည်ဟု ဆင်ခြင်ကာမျှပင်လျှင် ကမ္ဘာတသိန်း အပါယ်မလားရာဟု ဆိုထားခဲ့လေသည်။

မှတ်ချက်။ ယခုမျက်မှောက်၌ပင်လျှင် လက်၊ ဦးခေါင်း၊ လည် ပင်း စသည်တို့၌ ပုတီးဆွဲဆင်လျက်ရှိနေပါက၊ကာယကံ သောင်းကျန်းမှု၊ဝစီကံသောင်းကျန်းမှု၊မနောကံ သောင်း ကျန်းမှုများတို့ကို မပြုလုပ်ဝံ့တော့ပဲ ပြုလုပ်ရန်ဝန် လေးလှတော့၏။ထို့ကြောင့်ပုတီးသည် ထာဝစဉ်အကျိုး ပေးတတ်လှသော ဣန္ဒြေကိုစောင့်စည်းတတ်သည့်ပစ္စည်း ဖြစ်၍ ကိုယ်နှင့်မကွာ မြဲမြံစွာ ထားအပ်လှပေသတည်း။

၁–အမေး။ ။စိပ်ပုတီးသည်မည်သည့်ကာလကစ၍ရှိခဲ့သနည်း။

၁–အဖြေ။ ။အောက်တွင်ဖော်ပြလျက်ရှိသည့် အချက်များကို ထောက်ထားသဖြင့် ရှေး–ရှည်မြင့်စွာ ကမ္ဘာ စဉ်ဆက်ကပင် စိပ်ပုတီးအသုံးပြုကြလျက်ရှိသည် ဟူ၍ ယူသင့် ယူထိုက်သည့်သဘောသို့ သက် ရောက်လိမ့်မည်ထင်ကြောင်း။

အထောက်အထားမှာ-

ဟံ့ နမးဣတိပစ္စေကံ
အဋ္ဌောတ္တရသတံဇပိတွာ၊
သိဝမ္ဗသျှာ ပက္ခာလိတွာ ခာရကံ့ယံ။
ဝါန မန့်ဩကာယောခတ္တေ
ရုဒြက္ခံ့ ဘုဝိ မာနဝး၊
သယာတိ နရကံ ဃောရံ
ယာဝဒိန္ဒြာ စတုရဒသ။

အနက်ကား။ဟံ့ နမးဣတိ—ဟံ့ နမဟူ၍၊ ပစ္စေကံ—တလုံး တလုံးစီအသီးအသီး၊အဋ္ဌောတ္တရသတံ—၁၀၈-အုပ်။ဇပိတွာ-စိပ်၍ (တနည်း—ဇပိတွာ—ဇုပ်၍၊)။သိဝမ္ဗသျှာ— မဟေသရာနတ်အား ပူဇော်သောရေဖြင့်။ ပက္ခာလိတွာ၊ ဆေးကြော၍။ ခာရကံ့ယံ၊ ဆောင်အပ်၏။ဘုဝိ၊မြေအပြင်၌။ ယောမာနဝး၊အကြင်လူသည်။ ရုဒြက္ခံ့--ရုဒြက္ခ သစ်ပင်၏ အစေ့ကို။ မန့်ဩကာ၊ ဟံ့ နမး ဟူသောမန္တာန်ဇိပ်ခြင်းနှင့်။ ဝိနာ၊ ကင်း၍။ ခတ္တေ၊ဆောင်၏။ သကနဝး၊ ထိုလူသည်။ ယာဝဒိန္ဒြာ စတုရဒသ၊ သိကြား တကျိပ်လေးယောက်လဲအောင်။ဃောရံ၊ ကြောက်မက်ဖွယ်သော။ နရကံ၊ငရဲသို့။ ယာတိ၊ရောက်တတ်၏။

ဟူ၍ တိတ္ထာဒိတ္တမည်သော သက္ကဋ္ဌဘာသာကျမ်းတွင် လာရှိ ကြောင်း။ ရှင်းပြင်

အက္ခမာလာအက္ခသုတ္တံ ဝသိဋ္ဌပတာနိ၊
တောယသဗ္ဗမန္တာနိ ဇပေါသဗ္ဗသမိဒ္ဓိဒေါ။

အနက်ကား။ အက္ခသုတ္တံ၊ ပုတီးကုံးသည်ရှင်း။ ဝသိဋ္ဌပတိဘာနိ၊ ဝသိဋ္ဌမည်သောသူ၏ မယားသည်ရှင်း။ အက္ခမာလာ၊ အက္ခမာလာမည်၏။ ဘောယ၊ ဤပုတီးကုံးဖြင့်။ သဗ္ဗမန္တာနိ၊ အလုံးစုံသောမန္တာန်တို့ကို။ ဇပေါ-စိပ်မှု (တနည်း-ဇပေါ-ဇုပ်မှု)။ သဗ္ဗသမိဒ္ဓိဒေါ၊ ခပ်သိမ်းသောပြည့်စုံခြင်းကိုပေးတတ်၏။

ဟူ၍ တန်တြသာရမည်သော သက္ကဋဘာသာကျမ်းတွင် လာရှိကြောင်း။

၎င်းပြင်—ကုလန္ဒဇာလကျမ်း၊ ကာမရတနကျမ်း၊ ဆကမ္မဒီပိကကျမ်း၊ ဘူတဒါမရကျမ်း၊ ဥဒ္ဒိသကျမ်း စသောသက္ကဋဘာသာကျမ်းများတွင်လည်း စိပ်ပုတီး စိပ်ပုံစိပ်နည်း အကြောင်း အသီးသီး များစွာရှိကြောင်း။ ၎င်းကျမ်းများမှာ ကမ္ဘာဦးကပင်ရှိသည်ဟူ၍ အယူရှိကြသည့်ကျမ်းများဖြစ်၏။

၎င်းပြင်လည်း၊ ဘုရား ပွင့်တော်မမူမီ လွန်လေပြီးသော အတိတ်အခါကပင် ဂါသာမန္တာန်စိပ်ကြောင်း၊ စုတ်ကြောင်းများကို သိသာရန်ဖြစ်သော ဝေဒဗ္ဗမန္တာန်တတ်သည့် ပုဏ္ဏားဝတ္ထု၊ အာသေကောင်ထစေတတ်သောမန္တာန်ကိုတတ်သည့်သိဋ္ဌိဝလုံလင်ဝတ္ထု၊ ပထဝီဇယမန္တာန်ကိုရသော သဗ္ဗဒါကမြေခွေးဝတ္ထု၊ ကြုတ်တွင်ထားသော ဘီလူးမယားအား ဝင်ရောက်ပျော်ပါးသော

ဝိဇ္ဇာဂိုဏ်ဘီလူးဖမ်းမည်ရှိရာ ဝိဇ္ဇာသည် မန္တာန်စိပ်လျက် ထွက်ပျံသွားသည်ဟူသော ဝတ္ထုစသော ဘုရားဟော ဒေတ်နိပါတ်များစွာရှိကြောင်း။

၂။ အမေး။ ။ပိဋကတ်တွင် ပါ—မပါ။

၂။ အဖြေ။ ။ဘုရားဟောပါဠိတော် ပိဋကတ်တွင် မပါ။

အထောက်အထားမှာ–

စိပ်ပုတီးစိပ်ရမည် ဟူ၍ ဘုရားဟောပါဠိတော် တိုက်ရိုက်မလာ မရှိပဲလျက်၊ စိပ်ပုတီးစိပ်ကြသည့်အရာ သင့်မည် မသင့်မည်၊ အမရပူရပထမမြို့တည် နန်းဘည်မင်းတရားကြီးလက်ထက် အဒိကရဏဝိဝါဒဖြစ်ကြသည်ကာလ....

ဘုရားဟော ပါဠိတော် တိုက်ရိုက်မလာသော်လည်း ဗုဒ္ဓမတ္တည[ုဆရာတို့စီရင်အပ်သည့် တိအင်္ဂုတ္တရဝိသာခုပေါသထသုတ်အဋ္ဌကထာတွင်—ခယ ဝယ ဂဏနာတဗ္ဗာ။

ဟူ၍လာရှိသည်အရ– စိပ်ပုတီး စိပ်ကြသည့်အရာ သင့်ကြောင်းကို ဘိုးတော်မင်းတရား သားတော် အိမ်ရှေ့မင်းသားကြီး ကိုးကွယ်ဆည်းကပ်တော်မူသော ကျောက်ကြီးဆရာတော် ဦးယာက ရင်းစီရင်သည့် ဥပါသက ငြှိပ်ဒါကျမ်းတွင် ထုတ်ဖော်ရေးသား ပြဆိုကြောင်း။ ၎င်းကျမ်းလည်း ယခုတိုင် ထင်ရှားရှိကြောင်း။

၃—အမေး။ ။စိပ်ပုတီးကို မဂဓဘာသာအားဖြင့် မည်သို့ခေါ်သနည်း။

၃—အဖြေ။ ။ပုတီးလုံး ပုတီးကုံးများကို အောက်တွင် ဖော်ပြလျက် ရှိသည့်အတိုင်း သက္ကဋ ဘာသာဖြင့် အသီးအသီးခေါ်ကြောင်း။ မဂဓဘာသာမှာမရှိသည့်အရာကို သက္ကဋဘာသာမှာ လာသည့်အတိုင်း လိုက်နာခေါ်ဝေါ်ရသည့်အရာ များစွာပင်ရှိကြောင်း။ ဂုလိကာ၊ဂုဠိကာ၊ ဂုလိ၊ ဗဋ္ဋုလဗန္တာ။ (သက္ကဋအဘိဓာန်လာ ပုတီးလုံးဟောပါဠိ-၅)ဇပမာလာ အက္ခမာလာ အက္ခသုတ္တံ ဇပသုတ္တံ၊ မာလာသုတ္တံ သဍ္ဍဏီ၊

(ငှင်းကျမ်းလာပုတီးလုံးဟောပါဠိ-၇)

မြန်မာဘာသာ ဂါထာမန္တာန်စိပ်သည် စုပ်သည် ခေါ်ဝေါ်ပြန်ဆိုရန် မှန်သမျှကို ၁—မှတ်ဖြေချက်တွင် ပါဝင်ပြီး၊ သက္ကဋဘာသာကျမ်းတွင် ဇပဟူ၍သာ များစွာလာရှိသည့်အရာ—

ယခုကာလအခါ ဂါထာမန္တာန်များကို စိပ်သည်ဟူ၍ရင်း၊ စုပ်သည်ဟူ၍ရင်း ခေါ်ဝေါ်ကြသည့်အရာ- စ နှင့် ဇ။ ပ နှင့် ဗ အပြန်အလှန် ပြောင်းလဲနိုင်သည့်အရာများကို ထောက်လျှင်—

သတ်ပုံများမှာ စိပ်ပုတီး— ဟု စ တွင် လုံးတင် ပသတ်နှင့်၊ ပ တွင် ဥ ယှဉ်၍ ရေးရိုးရေးဆုံး ပြုကြခြင်းသည် သက္ကဋ မဂဓ ဇပကိုမြန်မာဘာသာ ဇိပ်သည်ဟူ၍ ပြန်သည့်အရာ-ရှည်ကြာ မြင့်ညောင်းသဖြင့်သော်ရင်း၊ ဇ နှင့် စ ပြောင်းလဲသဖြင့် သော်ရင်း စိပ်ဟူ၍ ခေါ်ဝေါ်ရေးမှတ်ကြသည် ဖြစ်မည်။

၎င်းပြင်– သက္ကဋဘာသာပတ္တမှ ရွှေ့လျောဖောက်ပြန်၍ အဖြားဆွတ် တ အက္ခရာ ထ နှင့် ဗတ်။ ၎င်း ဗတ်ကို ပီအောင် မခေါ်နိုင်သည့် မြန်မာလျှာမသွက်သူ အချို့လူတို့ ဗဋ္ဋီး ဟူ၍ ခေါ်ဝေါ်လိမ့်မည်။ ၎င်း ပိတ်၍ရွတ်သံ ဗတီးမှ ရွှေ့လျောပြန်၍ ဗွတ္တီး ဟူ၍ ခေါ်ဝေါ်လိမ့်မည်။ ၎င်း ဗွတ္တီး ခေါ်ဝေါ်ခြင်းမှ ဝိပလ္လာသဖောက်ပြန်-ပြန်၍ ပုတီး ဟုခေါ်ဝေါ်ရေးမှတ်ကြသည် ဖြစ်မည် ယူရန်ရှိလိမ့်မည်ထင်မှတ်ကြောင်း။

၎င်း စနှင့်ဇ။ ပနှင့်ဗ အပြန်အလှန် ပြောင်းလွဲသည့် အထောက် အထားများမှာ စာ ဟူ၍၎င်း၊ ဇာဟူ၍၎င်း၊ အက္ခရာပြောင်းလွဲ ရေးသားကြသည့် အရာများစွာရှိကြသည်ဖြစ်၍ မည်သည့်အရာ မှန်မည်ကိုသိလိုကြောင်းနှင့် ရှင်သီရိမာလာ လျှောက်ထားသည့် အချက် သမန္တစက္ခုဒီပနီတွင် အထင်အရှားလာရှိသည်။

ယခုကာလ ဇာတ်ဟူ၍၎င်း၊ ဗေဒင်ဟူ၍၎င်း၊ ပုဆိုးဟူ၍၎င်း ခေါ်ဝေါ်ရေးသားကြသည့်အရာကို ကျောက်စာများမှာ–စာတ် ဟူ၍၎င်း၊ ဝေဒင်ဟူ၍၎င်း၊ ဗုဒ္ဓိုးဟူ၍၎င်း ရေးသားပါရှိသည့်အရာ ထင်ရှားစွာ ဒိဋ္ဌတွေ့မြင်ရလျက်ပင် ဖြစ်သည်။

၄–(က) အမေး။ မြတ်စွာဘုရားလက်ထက်အသုံးပြု မပြု။

(ခ) အမေး။ အသုံးပြုရန် ပညတ်တော် မူကြောင်းကို ပိဋကတ်တွင် ပြ မပြ။

၄–(က) အဖြေ။ မြတ်စွာဘုရား ရှိစဉ်အခါ ဗုဒ္ဓဘာသာကို ကြည်ညိုသက်ဝင်သူတို့မှတပါး အခြားအယူ

ရှိသူတို့သာအသုံးပြုကြကြောင်း အဆောက်
အထားမှာ....

သားမညစီးဖြန်းဆင်ခြင်ရမည့် ကမ္မဋ္ဌာန်း ဘာဝနာဖြစ်လျှင် နှုတ်ဖြင့်သော်၎င်း၊ စိတ်ဖြင့်သော်၎င်း၊ အောက်မေ့ဆင်ခြင်စီးဖြန်းခြင်း။

ရေတွက်အပ်သည့်အာနာပါနကမ္မဋ္ဌာန်းစသည်များကိုစီးဖြန်းဆင်ခြင်ရမည့်အရာဖြစ်လျှင် ထွက်လေ ဝင်လေအရေအတွက်ငါးခုမှဆယ်ခုတိုင်အောင် လက်ချိုး၍ ရေတွက်စီးဖြန်း ဆင်ခြင်ရခြင်း အကြောင်းများကို ပါရာဇိကဏ် ဝိသုဒ္ဓိမဂ် အဋ္ဌကထာများတွင် လာရှိကြောင်း၊

၎င်းပြင် ဝင်္ဂီသပုဏ္ဏားသည် ဘုရားနှင့်မတွေ့သေးသဖြင့် သာသနာတော်ကို ကြည်ညိုသက်ဝင်မဖြစ်မီ၊ ဆဝသီသမန္တာန်ကို စိပ်၍ ကွယ်လွန်ပြီးသူတို့၏ ဦးခေါင်းကိုခေါက်လျှင် နိဗ္ဗာန်ရောက်သူတို့ကို ခြွင်း၍ ကြွင်းသည့် လားရာဂတိများကို သိနိုင်ကြောင်းနှင့် ဓမ္မပဒဒေသနာတော်တွင်လာရှိကြောင်း။

(ခ) အဖြေ။ (ခ) အဖြေမှာ ၂-မှတ်အဖြေတွင် ပါဝင်ပြီး
ဖြစ်ကြောင်း။

၅-(က) အမေး၊ ပုတီးလုံးရေ ၁၀၈ ထားသည်မှာ မည်သည့်
အရာကို စွဲ၍ထားသနည်း။

(ခ) အမေး။ ၁၀၈ အရေအတွက်မှာ ပိုသည့် စိပ်ပုတီး၊
လျော့သည့် စိပ်ပုတီးကို အသုံးပြု မပြု။

၅ (က) အဖြေ။ ပုတီးလုံး ၁၀၈ ထားသည်မှာ ပုတီးလုံး ၁၀၈ ထားပုံ ရှေးဦးအစ အရင်းအမြစ်နှင့် လုံးရေ ၁၀၈ အရေအတွက် တူမျှကြသော်လည်း၊ ရည်ရွယ်ပုံကွဲပြားကြသည့် အကြောင်းများမှာ အောက်တွင် ဖော်ပြလျက်ရှိသည့် အတိုင်း သိသာလိမ့်မည်ဖြစ်ကြောင်း။

ရှေးရှည်မြင့်စွာ ကာလအခါ၊ ဂါထာမန္တာန်များကို ၇ အုပ်က တသောင်းထိအတွင်း စိပ်ခြင်း၊ စုတ်ခြင်း ပြုလုပ်ကြသည်များတွင် ၁၀၈ အုပ်စုတ်ခြင်း၊ စိပ်ခြင်းသာလျှင် များစွာအသုံးရှိသည်တကြောင်း။

၇ အုပ်ကစ၍ တသောင်းထိ ရေတွက်ခြင်းမှာလည်း၊ ၁၀၈ လုံးကို အသုံးပြု၍ ရေတွက်နိုင်သည် တကြောင်းများကြောင့် အလိုရှိရာ ရေတွက်မှတ်သား စိပ်နိုင် စုတ်နိုင်ရန်ဖြစ်သော ၁၀၈ လုံးကိုသာပဓာနထား၍များသောအားဖြင့် ၁၀၈ လုံးကိုအသုံးပြုကြသည့်အရာဖြစ်ကြောင်း။

၎င်းကဲ့သို့ထားခြင်း၊ သုံးခြင်းသာလျှင် ပင်စစ်မူလဘူတအရင်းအစဖြစ်မည်ထင်ကြောင်း။

ထင်သင့်သည့်အကြောင်း အထောက်အထားမှာ 'အဌောတ္တရသတဇပေ'အစရှိသော သက္ကတဘာသာကျမ်းများသည် ၁—မှတ်ဖြေချက်တွင် ပါဝင်ပြီးဖြစ်ကြောင်း။

သည်ကဲ့သို့ ပြုလုပ်ရင်းအမှုကိုတုပလိုက်နာသည့် သာသနာတော်ကို ကြည်ညိုသက်ဝင်သူ ရှေးလူတို့က ၁၀၈ လုံးသားကြသည်ဖြစ်မည်ထင်ကြောင်း။

ရင်းအခြင်းအရာ ကာလရှည်ကြာသမှု ပြုလုပ်ကြရင်းအခြေ ဖျောက်၍ နောက်နောက်ဆရာပညာရှိတို့မှာ အောက်ပါအတိုင်း လိုက်နာရည်ရွယ် ပြုလုပ်ကြသည်ဖြစ်မည်ထင်ကြောင်း။

နောက်ဆရာပညာရှိတို့ လိုက်နာပြုလုပ်ကြသည့် ပုတီးလုံးရေ ၁၀၈ လုံးထားပုံမှာ....

လောကုတ္တရာကြောင်းနှင့် စပ်သည့်အရာဖြစ်လျှင် မြတ်စွာဘုရားခြေတော်စက်လက္ခဏာ ၁၀၈ ကွက်ကိုသော်၎င်း၊ ဘုရားဂုဏ်တော် ၄၈၊ တရားဂုဏ်တော် ၃၈၊ သံဃာ့ဂုဏ်တော် ၂၂ ဟုဆိုအပ်သောရတနာသုံးပါး ဂုဏ်တော် ၁၀၈ ကို သော်၎င်း ရည်၍ထားကြကြောင်း။

လောကီကြောင်းနှင့် စပ်သည့်အရာဖြစ်လျှင် ဂြိုဟ်သက် ၁၀၈ နှစ်ကိုသော်၎င်း၊ သတ္တဗိသနက္ခတ် ၁၀၈ နဝင်းကိုသော်၎င်း ရည်၍ထားကြကြောင်း။

# ပုတီးစိပ်ခြင်း

သူမြတ်ကျင့်စဉ်၌ ပုတီးစိပ်ခြင်းကို ပြန်လည်ဆန်းစစ်ရန်လိုပါသည်။

စိပ်ပုတီးစိပ်ခြင်းသည် နုသဘာဝိဆယ်ပါးတွင် တပါး အပါအဝင်ဖြစ်ပါသည်၊ ပုတီးစိပ်ခြင်းအားဖြင့် သမာဓိကို တည်ကြည်ကောင်းမွန်အောင် စောင့်ထိန်း၍ တဖြည်းဖြည် မွေးမြူခြင်းဖြစ်ပါသည်။

နုံသဘာတိဆယ်ပါးတွင် ဤဗုဒ္ဓါနုံဿတိသည် အမြတ်ဆုံးဖြစ်ကြောင်းကို ရှေးကပင် တင်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် ရှေးသူတော်စင်သူမြတ်အပေါင်းတို့သည်၊ သရဏဂုံ ၃ ပါးနှင့်တကွ ဂုဏ်တော်များအား အမျိုးမျိုးကိုကြံဆ၍ ရွတ်ဖတ်ပွားများအားထုတ်ကြလေသည်။ သူမြတ်အပေါင်းတို့သည်၊ သိသ၊ သစ္စာကို အခြေခံ၍ ဤသူမြတ်ကျင့်စဉ်များကို မနားမနေ ကျင့်ကြံအားထုတ်ကြပါ။

သမာဓိစခန်းကို ပိုင်နိုင်လေလေ၊ ထက်မြက်လေလေဖြစ်ပါသည်။ သမာဓိစခန်းကို ပိုင်နိုင်စွာတက်လှမ်းနိုင်ရေးမှာ လွယ်မယောင်နှင့် ခက်၍ တိမ်မယောင်နှင့် နက်လှပါသည်။

သမာဓိတရားကိုပိုင်နိုင်စွာရရှိလာသောအခါတွင်ရှေ့သို့တက်လှမ်းရေးမှာ ပို၍လွယ်ကူလာသလို ထိုသမာဓိအား ဖျက်လို့ဖျက်ဆီး အနှောင့်အယှက်များလည်း ပေါများလှပါသည်။ အထူး

သက်သာနိုင်သလောက် သွားရန်မှာ မိန်းမနှင့် ငွေသာလျှင်ဖြစ်ပါသည်၊ သမဝိ စခန်းကို တက်လှမ်းရာတွင် ခက်ခဲသလောက် ကျဆင်းရာတွင် မြန်ပါသည်။ ထို့ကြောင့် ငွေ၊ သီလ၊ သစ္စာ၊ ကံတို့ကို မကျိုးမပေါက်အောင် စောင့်ထိန်း၍ မေတ္တာဘာဝနာများကို မမေ့မလျော့ ပွားများအားထုတ်ပါ။

ဤနေရာတွင် ပုတီးစိပ်ခြင်းနှင့်ပတ်သက်၍ နောက်ကြောင်းသမိုင်းကို ပြန်ကြည့်ရန် လိုမည်ဟုထင်ပါသည်။ မြတ်စွာဘုရားမပွင့်မီကပင်၊ အိန္ဒိယပြည်၌ ပေါ်နေပြီဟု ခိုင်လုံသော အထောက်အထားများအရ ဆိုပါသည်။

စိပ်ပုတီးသည် မြန်မာနိုင်ငံသို့ အိန္ဒိယမှတဆင့် ဝင်ရောက်လာခြင်းဖြစ်ပြီး၊ သရေခေတ္တရာနှင့် ပျူမြို့ဟောင်းများကို တူးဖော်ရာ၌ တွေ့ရှိရပါသည်။

## ပုတီး(၃)လုံးစိပ်ခြင်း

ရှေးကစိပ်ပုတီးများမှာ ချည်ကြိုးကို အထုံးပြုလုပ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ပထမဦးဆုံးစိပ်သော စိပ်ပုတီးသည် ဖုထုံးသုံးခုရှိသည်။ (ဝါ) ပုတီးလုံး ၃ လုံးသာပါရှိသည်။ ထိုပုတီးလုံးမှာ ရတနာ ၃ ပါးအတွက်လည်းကောင်း၊ နိစ္စ ဒုက္ခ အနတ္တ အတွက်လည်းကောင်း ရည်စူးပွားများခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ထိုနောက် ပုတီးအလုံး ၇ လုံး၊ ဗောဇ္ဈင် ၇ ပါးကို ရည်၍ လုံသော ပုတီးနှင့် ၃၂ လုံး ပုတီးများ ပေါ်လာပြန်သည်။

ထိုသည်မှာ ၃၂ ကောဋ္ဌာသကိုရည်စူး၍ ၃၂ လုံး ပြုလုပ်စိပ်ခြင်းဖြစ်ပါသည်။ ထို့နောက် တရာ့ရှစ်လုံးရှိသော ပုတီးများ အဆင့်ဆင့်ပေါ်လာသည်ဟု သုတေသီများက မိန့်ဆိုပါသည်။ အမှန်စင်စစ် စိပ်ပုတီးများ၏ တိုးတက်ပြောင်းလဲမှုများသည် စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်၊ ဤနေရာ၌ တရာ့ရှစ်လုံးရှိသော စိပ်ပုတီးကို ရွေးသူတော်စင်တို့၊ မည်သို့ တရာ့ရှစ်လုံး ပြည့်အောင် ယူကြောင်း "လောကီအင်္ဂုတ္တိုရ်မန္တာန်ကျမ်း"၌ ဆူးခါး ဆရာတော်ကြီးက အောက်ပါအတိုင်း ပုတီး ၁၀၈ လုံးကို အဆုံးအဖြတ်ပေးလေသည်။

## ၁၀၈ ပုတီးအကြောင်း

နရဝရ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ သာသနာ့နရဝရကို ကြည်ညိုလေးမြတ် ဆည်းကပ်သော သူတော်ကောင်းတို့သည်၊ သမထ ဝိပဿနာ ဘာဝနာနှစ်ပါး ကိုစွပြီးစီးဖွယ် အကြောင်းဖြစ်သည်ဟု နှလုံးသွင်း၍ တရာ့ရှစ်လုံး ပုတီးပြုလုပ်ရွတ်ကြ၊ စိပ်ကြရာ—

ဗုဒ္ဓဂုဏာ ဆပညာသံ၊
ဓမ္မဂုဏာ အဋ္ဌတိံသံ။
သံဃဂုဏာ စုဒ္ဒသံ၊
ကတွာသုခံ ဖလံ လမ္ဘတိ။

ဟူ၍ သာမည ဂါထာပြုလုပ်ပြီးလျှင် ဘုရားဂုဏ်တော် ၅၆၊ တရားဂုဏ်တော် ၃၈၊ သံဃာ့ဂုဏ်တော် ၁၄၊ သုံးခုပေါင်း(၁၀၈) ရသောသင်္ကေတစကားသည် ပါဠိအဋ္ဌကထာ ဋီကာများ၌ နိဿ

တိုက်ရိုက်ပင်မလာသော်လည်း၊ နေယျတ္တ ထောက်ဆဆင်ခြင်လျှင် အဆင်သင့်ပင်ဖြစ်သင့်သည်။ သင့်ပုံသရုပ်ကား အာဝေဏိကဂုဏ်တော် ၁၈၊ ဆအာသာဓာရဏဂုဏ်တော် ၆၊ ဒသဗလဉာဏ်တော် ၁၀။ စတုဝေသာရဇ္ဇ ဉာဏ်တော် ၄၊ တိပရိဝဋ္ဋစတုသစ္စ ဉာဏ်တော် ၁၂။ ယထာဘုစ္စဂုဏ်တော် ၈။ စုံစုပေါင်း ၅၈ ပါးရသည်။

တနည်းအာဝေဏိကအာသာဓာရဏဒသဖလံ၊ စတုဝေသာရဇ္ဇ စတုပဋိသမ္ဘိဒါဉာဏ ၄။ တိပရိဝဋ္ဋစုစုပေါင်း ၅၀။ သဝိညာဏ ဗုဒ္ဓ—အဝိညာဏ ဗုဒ္ဓ-သဉပါဒိသေသ၊ အနုပါဒိသေသနိဗ္ဗာန— ၂—စုစုပေါင်း ၅၆။ တနည်း ဣတိပိသောမှာ နောက်ဆုံး ဣတိပါ ၄၈။ ဗုဒ္ဓသရဏ ၈၊ နှစ်ခုအက္ခရာလုံးရေ ၅၆။ တနည်း ဣတိပိသောမှာ ဝိဘတျန္တပုဒ ၁၃။ အတ္ထသမ္ဗန္ဓန ၄။ မြောက်၅၂။ ပညာဓိက၊ သဒ္ဓါဓိက၊ ဝိရိယာဓိက ၃။ သုခပဋိပဒါခိပ္ပါဘိညာ။ စုစုပေါင်း ၅၆။ တနည်း ယဿဒသက္ခရာအသံဝိသုလော အပုသ ဗုဘာ။ ဝေစသောပဂုဏအတ္တော၊ အနုသာသောသုခံလဘိ ဟူ၍ ငဇိရတ္ထသင်္ဂဟကျမ်းလာ ဂါထာအတိုင်း အရဟံ ပဒ စသည်မှာ ဒွက္ခရာ ၄၀။ ဗုဒ္ဓံသရဏံမှာ အက္ခရာ ၈။ ၂ ခုပေါင်း ၄၈။ ယထာဘုစ္စဂုဏ ၈။ စုစုပေါင်း ၅၆။

တနည်း ဗောဓိမဏ္ဍလ သတ္တဋ္ဌာန ၄၉ မှာ၊ ၇ ဌာနရော ၅၆။ တနည်း တိပရိဝဋ္ဋ ၁၂။ ကိစ္စ ၁၆။ စုစုပေါင်း ၄၄။ ဆအာသာဓာရဏ ၆။ ဆဗ္ဗဏ္ဏရသ္မိ ၆။ စုစုပေါင်း ၅၆။ တရားဂုဏ်တော် ၃၈ မှာ၊ သွာက္ခာတတာဒိ ၆။ ဒွါဒသပဒသုတ္တ ၁၂။ အာဒိကလျာဏစသည် ၈။ ဂမ္ဘီရာဒိ ၉။ ဓမ္မံသရဏံ ၃၊ စုစု

ပေါင်း ၃၈။ တနည်း မင်္ဂလာတရားတော် ၃၈ ပါး အတိုင်းပင်
တရားဟူသမျှ ဓမ္မစက္ကအန္တောဂဓဖြစ်သလို၊တရားဟူသမျှ မင်္ဂလ
အန္တောဂဓဖြစ်သည်။

တနည်း သွာက္ခာတဘာ စသည်မှာ ဝိဘတျန္တပဒ ၁၀။ ဓမ္မံ
သရဏံမှာ ၃။ ဂမ္ဘီရ ၄။ ဒွါဒသပဒ ၁၂။ စုစုပေါင်း ၂၉။
သုတ္တဂေယျစသည် ၉။စုစုပေါင်း ၃၈။

တနည်း သွာက္ခာတဘာ စသည်အက္ခရာ ၃၃။ဓမ္မံ သရဏံ ၅။
နှစ်ခုပေါင်း ၃၈။ဂစ္ဆာမိမပါ၊

တနည်း ဒီဃနိကာယ် ၃၊ မဇ္ဈိမနိကာယ် ၃။ သံယုတ္တနိ
ကာယ် ၅။ အင်္ဂုတ္တရနိကာယ် ၁၁။ ခုဒ္ဒကနိကာယ် ၁၅၊
စုစုပေါင်း ၃၇။

တနည်း ဝိနယ ၆။ အဘိဓမ္မ ၇။ သုတ္တန္တ ၃။ စုစု
ပေါင်း ၁၆။

ဝိမုတ္တိရသ ၁၊ ဓမ္မဝိနယ ၂။ပိဋက ၃။ဒေသနာ ၃။
သာသနာ ၃။ကထာ ၃။ သိက္ခာ ၃။ပဟာန ၃။ ဂမ္ဘီရ ၄။
နိကာယ ၅။အင်္ဂ ၅။ စုစုပေါင်း ၃၅။

ဝိမုတ္တိရသ ၁။သမ္ပတ္တိ ၃။ ဝိပတ္တိ ၃။ပရိယတ္တိ ၃၊ပဋိပတ္တိ၊
ပဋိဝေဓသာသနာ ၃။ အာဂမ အဓိဂမ ၂။ ဒွါဒသမ ၁၂။
အတ္တဓမ္မဒေသနာ၊ဒေသေတဗ္ဗ ၂။အင်္ဂါ ၉။ စုစုပေါင်း ၃၅။

သံဃာ့ဂုဏ် ၁၄ ပါးမှာ သုပ္ပဋိပန္န စသည် ၄၊ အာဟုနေ
ယျ စသည် ၅။ သံဃံ သရဏံ ဂစ္ဆာမိ ၃။ အရိယအနရိယ
သမ္မုတိ ၂။စုစုပေါင်း ၁၄။

သံဃာဝတ္ထုကထာဝေဇ္ဇ်င် ၇ ပါးကို အဗျုတ္တာဗဟိဒ္ဓ ၂ ပါးပွား စုစုပေါင်း ၁၄။

အဂ္ဂဒ္ဒ ၄။ ဖလဒ္ဒ ၄၊ ပဋိပန္န ၄။သေခ၊ အသေခ ၂။ စုစု ပေါင်း ၁၄၊

ကိစ္စ ၄။ ဒေတ္တ ၄။ပုဂ္ဂလ ၄၊ သမ္မုတိအရိယာ ၂။ စုစု ပေါင်း ၁၄။

သုပ္ပဋိပန္န ၁။ ဥဇုပ္ပဋိပန္န ၁။ ဉာယ ၁။သာမိစိ ၁။ယဒိဒံ ယုဂါနိ ၁။အဠ ၁။သေ ၁၊ အာဟုနေယျ ၁။ ပါဟု ၁။ ဒက္ခိ ၁။အဥ္ဇလိ ၁။ အနုတ္တရံ ၁။စုစုပေါင်း ၁၂။

သေခ၊ အသေခ၊ သမုတိ၊ ပဍမတ္တ၊ ဒက္ခိဏေယျ ၂။ စုစုပေါင်း ၁၄။

ယင်းပုတီးစိပ်သောနည်းသည် ပိဋကတ်သုံးပုံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာမလာ၊လောကီယပြဟ္မစာရီ၊ တပသီ၊ ဝိဇ္ဇာဓရဂျီ တို့အလေ့အကျင့်ဖြစ်သည်။

## ပုတီးစိပ်ခြင်း၏ အကျိုးကျေးဇူး

ပုတီးစိပ်ခြင်း၏သမိုင်းကို မည်သူမျှ အတိအကျ မရေးကြပေ၊ ကျမ်းပြုဆရာများပင် တဦးနှင့်တဦး အယူအဆချင်း မတူ၊ အကြောင်းပြချက်များလည်း ကွဲလွဲနေသည်။

ကျမ်းအစောင်စောင်မှ ကောင်းနိုးရာရာကို ကောက်နုတ် ဖော်ပြမည်။

ပုတီးသည်ဗုဒ္ဓမပွင့်မီက စတင်ပေါ်ပေါက်ခဲ့သည်၊ မန္တာန်ရွတ် ဖတ်ခြင်းမှ ပုတီးကိုအစားထိုးစိပ်ခဲ့ကြသည်။ မြန်မာပြည်သို့မဟုတ်

ယာနဝင်ဗုဒ္ဓဘာသာဂိုဏ်း ရောက်လာသည်မှစ၍ ပုတီးစိပ်ကြသည်။

ရာဇဝင်ကို ပြန်လည်စောကြောပါက ပုဂံမင်းဆက်မှစဘင်စိပ်ကြသည်ဟုရှင်း၊ အင်းဝခေတ်နှောက်ပိုင်းမှရှင်း၊ပေါ်ပေါက်လာဟန်တူသည်။

မည်သို့ပင်ဖြစ်စေ ဘာသာတရားကိုင်းရှိုင်းသော လူမျိုးတိုင်းပင် ပုတီးစိပ်ကြသည်။ သို့သော် ဗုဒ္ဓ၏ တရားတော်များတွင် ပုတီးစိပ်ခြင်းကို အလေးပေး ရေးသားခြင်းမရှိပေ။

သိဒ္ဓတ္ထမင်းသားကိုဖွား၍ တသခြောက်သောအခါ ခမည်းတော်မင်းတရားသည်လည်း များစွာသော မှူးမတ်ဗိုလ်ပါအခြံအရံတို့နှင့် ထွက်စမ့်ါယ်လျက် လယ်ထွန်မင်္ဂလာ ပြုတော်မူသည်။ ထိုအရပ်၏အနီးကြီးစွာသော ဇမ္ဗူသပြေပင်ရင်းဝယ်ခင်းကျင်းကာရံ စီမံအပ်သော ကောင်းမြတ်သောနေရာ၌ အလောင်းမင်းသားကို မွေ့လျော်စေ၏။

အထိန်းအယမိန်းမတို့လည်း မင်းကြီး၏ လယ်ထွန်သဘင်ကို ရှုမျော်လျက် မေ့လျော့နေစဉ်တွင် အလောင်းမင်းသားသည် သိပ်ထားသောနေရာ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးသော် အာနာပါနကမ္မဋ္ဌာန်းကိုနှလုံးသွင်းသဖြင့် ပဌမစျာန်ကိုဝင်စားတော်မူ၏။

ထိုအလောင်းမင်းသား၏ အာနုဘော်ကြောင့်ဇမ္ဗူသပြေပင်ရိပ်သည် နံနက်ကာလမှစ၍ ညနေမွန်းစောင်းသည့်တိုင်အောင် မပြောင်းမယွန်းပဲ ထီးနန်းအုပ်သကဲ့သို့တည်၏။

နို့ထိန်းမိန်းမတို့သည် သတိရသဖြင့် တင်းတိမ်ဘွင်းသို့ဘ်၍

ကြည့်ရှုကြသော် အလောင်းတော် သမာပတ် ဝင်စားနေသော အခြင်းအရာကိုမြင်၍ အလျင်တဆော သုဒ္ဓေါဒနမင်းကြီးကို လျှောက်လေ၏။

မင်းကြီးလည်း လျင်စွာလာ၍ ရှုမျှော်သော် သားတော် မြတ်၏ အခြင်းအရာကို မြင်သဖြင့်ရှင်ကြည်ညွတ်တုပ် လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်တော်မူ၏။ ဤကား နှစ်ကြိမ်မြောက် ခမည်းတော် ရှိခိုးခြင်းတည်း။

ဇိနတ္ထပကာသနီကျမ်းမှ ဘုရားအလောင်း ဖွားမြင်တော်မူခန်းတွင် အာနာပါနကမ္မဋ္ဌာန်းကိုပင် ရေးသားသည်။

မှဆိုးပစ်လိုက်သော အဆိပ်လူးသောမြှားသည် အစာစားနေသော သမင်မငယ်၏ကိုယ်ကိုထိသည်။ထိုသမင်မငယ်သည်အဆိပ်လူးသောမြှားဒဏ်ကြောင့် မြေပေါ်သို့ ဘုံးဘုံးလဲကျသွားသည်။ ထိုအချိန်တွင် ဒဏ်ရာရသော သမင်မငယ်ကို အလေးပြု ကုသမှု မရှိပဲ မုဆိုး၏ ပမာဏနှင့် ပစ်ခတ်သော အရပ်ဒေသကို အကြောင်းပြုရှာကြံနေခြင်းမှာ အဓိပ္ပာယ်ကင်းမဲ့နေတတ်သည်။ ထို့ကြောင့်ဒဏ်ရာရလျက်ရှိသော သမင်မငယ်၏ကိုယ်တွင်စူးဝင်နေသောမြှားကို အမြန်ဆုံးဆွဲနုတ်ပစ်ကာ အနာကို ကုသဖို့ရန် အရေးကြီးသကဲ့သို့ ကိုယ်တွေ့ ပုတီးစိပ်နေကြသော သူတို့၏ စိတ်ဘဝင်မကျသော ကိစ္စအရပ်ကို ဆွေးနွေးကြရန်ပင်ဖြစ်သည်။

တို့တတွေဘဝင်မကျခဲ့သောအကြောင်းရှိသည်။ဤအကြောင်းကာမူ ဂုဏ်တော်စိပ်ခြင်းနှင့် ပုံတော်စိပ်ခြင်းပင်ဖြစ်သည်။

ဖုသ္သဒေဝမထေရ်သည် မာရ်နတ်ကို သင်သည် မြတ်စွာဘုရားကိုမြင်ဖူးပြီ၊တူအောင်ဖန်ဆင်းပြပါဟုဆို၏။ မာရ်နတ်ဖန်ဆင်း၍

ပြသော ဘုရားရှင်ရုပ်ပုံတော်ကို မြင်လတ်သော် ဤမာရ်နတ်သည် ရာဂဒေါသနှင့်တကွ ဖြစ်လျက် ဤမျှလောက် တင့်တယ်သေးသည်။ ဘုရားရှင်မှာ ဆိုဖွယ်ရာမရှိဟု ဂုဏ်တော်အာရုံပြုလျက် ပီတိဖြစ်၍ ဝိပဿနာတိုးပွားစေ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ ထိုအခါ မာရ်နတ်က "အရှင်သည် အကျွန်ုပ်ကို လှည့်စားသည်" ဟုဆို၏။

သာသနာတော် ၂၁၈ ခုနှစ်မြောက်တွင် ပါဋလိပုတ်ပြည်၌ မင်းပြုသော သိရိဓမ္မာသောကမင်းကြီးသည် ကာဠနဂါးမင်းကို ခေါ်ဆောင်၍ ဉာဏ်တော်အနန္တသခင်ဘုရားရှင်ရုပ်ပုံကိုဤမျက်စိတို့အား ထင်ရှားအောင်ပြပါလော့ဟု တိုက်တွန်း၏၊ ကာဠနဂါးမင်းဖန်ဆင်းပြသော ဘုရားရှင်ရုပ်ပုံသည် လက္ခဏာတော်ကြီးငယ်ဖြင့် အသရေရှိ၏၊ ပွင့်သောကြာချုံးစုံဖြင့် တန်ဆာဆင်အပ်သောရေပြင်နှင့်တူ၏။ ကြယ်တာရာတို့ဖြင့် တောက်ထွန်းသော ကောင်းကင်ပြင်နှင့်တူ၏။ ညိုရွှေနီဖြူမောင်း တခဲနက်ပြိုးပြက်သော ရောင်ခြည်တော်အပေါင်းဖြင့် ဝန်းကျင် တင့်တယ်၏။ ဥဇ္ဈာရောင်သက်တန့်ရောင်လျှပ်စစ်ရောင်တို့ဖြင့် ဝန်းကျင်ရံပတ်သော ရွှေတောင်ထွဋ်နှင့်တူ၏။ ကေတုမာလာရောင်တို့ဖြင့် နှစ်သက်ဖွယ်တင့်တယ်သော မောဠိတော်ရှိ၏။ နတ်လူတို့၏ မျက်စိအရသာ၏တည်ရာ မျက်စိ၏ ရသာယနဆေးသဖွယ်ဖြစ်၏။ လွန်စွာ တင့်တယ်လှသဖြင့် မင်းကြီးသည် ဂုဏ်တော်အနန္တ၌ ဆက်ဝင်စွာအာရုံပြုလျက် ခုနစ်ရက်တိုင်တိုင် မမှိတ်သောမျက်စိဖြင့် တစိမ့်စိမ့်ပူဇော်ခြင်းကို ပြုလေပြီ။

သာသနာတော် ၆၂၇ ခုနှစ်မြောက်တွင် သရေခေတ္တရာပြည်၌ မင်းပြုသော သုပညာနဂရဆိန္ဒမင်းသည် ကမ်းယံပြည်ကို အောင်မြင်၏။ ထိုပြည်၌ ရှစ်ဆယ့်ရှစ်တောင် ရွှေဆင်းတုဘုရားကို ဖူးမြင်ရ၍ သက်တော်ထင်ရှားရှိသကဲ့သို့ သဒ္ဒါခြင်းဖြင့် ညဉ့်နံနက်မပြတ် ဝတ်ပြုဆည်းကပ်၏။ မခွာရက်သဖြင့် နေပြည်တော်မှမပြန်ပဲ ကြည်ညိုနေသည်မှာ သုံးနှစ်တိုင်တိုင်ကြာ၏။ အမတ်ဗိုလ်ပါတို့ကား သားမယားလွမ်းဆွတ်၍ တိုင်းပြည် ပြန်လိုလှသောကြောင့် ရုပ်ပွားတော်အောက်၌ ဥမင်တူး၍ လဲအောင်ပြုပြီး မီးတိုက်ကုန်၏။ ဘုရားရှင် နိဗ္ဗာန်စံ၍ နတ်တို့သင်္ဂြိုဟ်ကြသည်ဟူ၍လည်း သံတော်တင်ကုန်၏။ မင်းကြီးသည် မဟုတ်မလျားဟု နှလုံးမသာလျက် ဆိတ်ဆိတ်သာနေ၏။ ထိုရွှေကို အမတ်ဗိုလ်ပါတို့ယူ၍ တိုင်းပြည်တွင် သုံးစွဲကုန်၏။ ထိုအခါ တပြည်လုံး စနောင့်စနင်းဖြစ်၏၊ ခိုးသားဒမြှထူထပ်၍ ကွပ်ညှပ်မနိုင်ရှိ၏။ ထို့နောက် လေပွေကြီးလာ၍ စကောဘချပ်လွင့်လာသည်ကို စကောရှင်မိန်းမက ငါ့စကော ငါ့စကောဟုဆို၍ လိုက်သည်ကို အကြောင်းပြု၍ 'ငစကော စစ်တပ်'တက်လာသည်ဟု တပြည်လုံး ထိတ်လန့်ပြီးလျှင် ပျူတဲစု ကမ်းယံဘစု လူသုံးစုကွဲ၍ သရေခေတ္တရာပြည်ကြီး ပျက်စီးလေသတတ်။

သာသနာတော် ၁၇၉၉ ခုနှစ်မြောက်တွင် ပုဂံပြည်၌ မင်းပြုသော နရသီဟပတေ့မင်း၏ မိဖုရားငယ်စောလုံသည် မင်းကြီးစားတော်ဝယ် ဆေးထည့်၏၊ မင်းကြီးသိ၍ မေးစစ်သောအခါ ဟယ်ပန်းပွတ်သည် မြေး နွေအခါရေဖျန်းကစားရာတွင် မောင်းမငယ်ကို အများရှေ့တွင် အဝတ်အစား ဦးဆံရှမ်းရှမ်းစွာအောင်

ရေပက်စေရသလော၊ နှင့်ကို ငါနှလုံးထောင့်၍ကြံသည်ဟုဆို၏။ မင်းကြီးသည် ပန်းပဲဘထောင်ခေါ်၍ သံကျပ်စင်ပြုလုပ်ပြီးလျှင် ကျပ်တင်ရမည်ဟု အမိန့်ချ၏။ စောလုံသည် သံကျပ်စင်မပြီးမီ ခုနစ်ရက်ပတ်လုံး သီလသီဘင်းဆောက်တည်၏၊ အဘိဓမ္မာတရားတော်ကိုနာ၏။ ရတနာသုံးပါးဂုဏ် အာရုံပြု၍ နေ့ညမပြတ် ပုတီးစိပ်၏။ သံကျပ်စင်ပြီးသောအခါ မိဖုရားစောလုံသည် ဂုဏ်တော်ကို အောက်မေ့ကာ ပုတီးလက်စွဲလျက် သံကျပ်စင်ရဲရဲသို့ တက်လေ၏။ သုံးကြိမ်တိုင်တိုင် မီးငြိမ်း၏။ ထို့နောက်မှ ငါသည် ဟာခဏချင်း မီးကျွမ်း၍ ပျောက်စေသောဟု ပတ္ထနာပြု၏။ ထိုအကြိမ်တွင်မှ မီးကျွမ်းသည်။

## သမထကဏ္ဍ

# ပြုအပ်သော ပုဗ္ဗကိစ္စကို ပြခြင်း

ကလျာဏသုံးပါးတို့တွင် အာဒိ ကလျာဏ၊ မဇ္ဈေကလျာဏ၊ သမာဓိ စိတ္တဝိသုဒ္ဓိကို ရှင်းအံ့၊ သိက္ခာသုံးပါးတို့တွင် သမာဓိ သိက္ခာ၊ အဓိ သုံးပါးတို့တွင် အဓိသီလသိက္ခာ၊ သုဒ္ဓိသုံးပါး တို့တွင် စိတ္တဝိသုဒ္ဓိ သမထဟူသော စိတ္တဝိသုဒ္ဓိကို ရှင်းအံ့။

ဤ စိတ္တဝိသုဒ္ဓိကို မပြမီ သမထ ဝိပဿနာတို့၏ ရှေးဦးစွာ အာစရိယ ပရံပရ ဆရာအဆက်ဆက်တို့ ပြုလုပ်အားထုတ်သကဲ့သို့ ဘုရားရှေ့တော်၌ ရှေးဦးစွာ ပြုလုပ်အားထုတ်ရန် ပုဗ္ဗကိစ္စတို့ သည်ကား—

သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းထွက်မြောက်၍ မဂ် ဖိုလ် နိဗ္ဗာန်သုံးတန်သောချမ်းသာကို ရောက်ခြင်း၊ရခြင်း၊မျက်မှောက် ပြုရခြင်း အကျိုးငှာ ကောင်းသော သမ္မာဒိဋ္ဌိ ဉာဏ်အမြင်နှင့် ကောင်းသော သမ္မာသင်္ကပ္ပ အကြံတို့ဖြင့် စင်ကြယ်သော သီလ ဝိသုဒ္ဓိဖြစ်ကာ ကောင်းသော သမ္မာဆန္ဒ ကောင်းသော မနသိကာရ၊ ကောင်းသော ပတ္ထနာ၊ ကောင်းသော အာသီသ

ဖြင့် ကောင်းမြတ်သော တရားဓမ္မကို အလိုရှိကြကုန်သော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့၏ အာစရိယ ပရံပရ–ဆရာ အဆက်ဆက်တို့ အားထုတ်အပ်သော ကမ္မဋ္ဌာန်း အစဉ်ကျင့်ထုံးကို ယောဂီမွန်သူတော်ချွန်တို့ကျင့်သုံးဖို့ သမထ ဝိပဿနာတို့၏ ရှေးဦးစွာ ကျင့်သုံး အားထုတ်နိုင်ကြရန် တို့သည်ကား ဤသို့တည်း။

ကန်- လှူ- ဆုတောင်း၊ ဂုဏ်ပေါင်းမယွင်း၊ ဗုဒ္ဓံ - ပုဗ္ဗ ကိုစွသွင်း။

ဟူသည်နှင့်အညီ တရားဓမ္မကို အားထုတ်ကြမည့် ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့စွမ်းနိုင်သော သီလသိက္ခာပုဒ်တော်ကို ခံယူတည်ဆောက်ပြီး၍၊ ဝါ– ယောဂီပုဂ္ဂိုလ်တို့နှင့် လျော်သော အာဇီဝဋ္ဌမကသီလ ဆောက်တည်ပြီးနောက် ဘုရားပုထိုး စေတီတော်မြတ်တို့၏ ရှေ့တော်သို့သွားရောက်၍ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရား၏ မျက်နှောက်တော်၌ ရှိသေလေးမြတ် ဆည်းကပ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် ကောင်းစွာ ဆည်းကပ် လျက်အရှေ့ဘက်မျက်နှာက ထိုင်၍ စွမ်းနိုင်သော ဆီမီး စသော ပူဇော်ဖွယ်တို့ဖြင့်ပူဇော်ကာမြတ်စွာဘုရားအားကန်တော့သည်းခံ စေခြင်း၊ ခန္ဓာကိုယ်အတ္တဘောကို လှူဒါန်းခြင်း၊ ဆုတောင်း ပတ္ထနာပြုခြင်း စသည်တို့ကို လက်ယာရစ်လှည့်ကာ လေးမျက်နှာ စေ့အောင်ထိုင်၍ ပြုလုပ်အပ်၏။ ဘုရားရှေ့တော်၌ လေး မျက်နှာစေ့အောင် အားထုတ်ပြီးနောက် ဂုဏ်တော်ကို နှလုံးသွင်း၍ မိမိနေထိုင်ရာ နေရာသို့လာခဲ့ရာ၏။

## ဘုရားကန်တော့ရန်

ခမတု မေ ဘန္တေ အစ္စယံ။ ။(သုံးကြိမ်)

ဘန္တေ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရား။ ဘဂဝါ၊ ရှင်ပင် ဘုရားသည်၊ မေ—မမ၊ ဘုရားတပည့်တော်၏။ အစ္စယံ၊ တွေဝေမိုက်မှား မလိမ်မာ၍ ကျူးလွန်မိသော အပြစ်များကို။ ခမတု၊ အပြစ်မပေးပဲ ကျေအေး၍ သည်းခံတော်မူပါ အရှင်ဘုရား။

## တနည်း ဘုရားကန်တော့ရန်

အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ
ယထာမူဠှံ ယထာအကုသလံ ယွာဟံ ဝေံ ဘဂဝန္တံ
အဝစ္စံ၊ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စ
ယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။(၃ ကြိမ်)

ဘန္တေ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရား၊ အစ္စယော၊ တွေဝေမိုက်မှား မလိမ်မာ၍ ကျူးလွန်မိသော အပြစ်များသည်။ မံ၊ ဘုရားတပည့်တော်ကို၊ ယဿဗာလံ၊ မိုက်မှားသည် အား လျော်စွာ။ ယထာမူဠှံ၊ တွေဝေသည်အားလျော်စွာ။ ယထာ အကုသလံ၊ မလိမ်မာသည်အားလျော်စွာ။ အစ္စဂမာ၊ လွှမ်းမိုး၍ နှိပ်စက်ပါ၏၊ ယွာဟံ—ယောအဟံ၊ အကြင်ဘုရားတပည့်တော် သည်။ ဘဂဝန္တံ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရားကို။

ဝေ၊ တွေဝေမိုက်မှားမှုလိမ်မာသောအား မှားမိသော ဤအပြစ် ဤစကားကို။ အဝစ္စံ၊ ဆိုမှားမိပါ၏၊

ဘန္တေ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်ကျော်ကြားမြတ်စွာဘုရားသည်။ တဿ မေ၊ ထိုဘုရားတပည့်တော်၏။ အစ္စယံ၊ တွေဝေမိုက်မှား မလိမ်မာ၍ ကျူးလွန်မိသော အပြစ်များကို။ အစ္စယတော၊ တွေဝေမိုက်မှား မလိမ်မာ၍ ကျူးလွန်မိသောအပြစ် အားပြင့်။ အာယတိံ၊ နောင်အခါ၌။ သံဝရာယ၊ စောင့်စည်းခြင်းငှာ။ ပဋိဂ္ဂဏှာတု၊ အပြစ်မပေးပဲ ကျေအေး၍သည်းခံတော်မူပါ ဘုရား။

ဘုရားကန်တော့ပြီး ခန္ဓာကိုယ်လှူဒါန်းရန်

ဣမာဟံ ဘဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ၊

(သုံးကြိမ်)

ဘဂဝါ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဣမံ အတ္တဘာဝံ၊ ဤခန္ဓာ ငါးပါးတည်းဟူသော အတ္တဘောကို။ တုမှာကံ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရားတို့အား။ ပရိစ္စဇာမိ၊ စွန့်လွှတ်လှူဒါန်းပါ၏ ဘုရား။

3 (ဒုတိယအကြိမ်)

ခန္ဓာကိုယ်လှုပ်ဒါန်းပြီး ဆုတောင်းပတ္ထနာပြုရန်

ဘန္တေ ပတ္တံ ပတ္တောမှိ။ ။ (သုံးကြိမ်)

ဘန္တေ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရား။ တုမှေဟိ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရားတို့သည်။ ပတ္တံ၊ ရောက်အပ် ရအပ်သော မဂ် ဖိုလ် နိဗ္ဗာန် သုံးဘန်သော ချမ်းသာကို။ အဟံ၊ ဘုရားတပည့်တော်သည်၊ ပတ္တောမှိ၊ ရောက်နိုင် ရနိုင်ရပါလို၏ အရှင်ဘုရား။

ဘာနည် — ဆုတောင်းပတ္ထနာပြုရန်

ယထာ တုမှေဟိ ဇာနိတံ မေံ အဟံ ဇာနာမိ။
ယထာ တုမှေဟိ ပဇဟိတံ မေံ အဟံ ပဇဟာမိ။
ယထာ တုမှေဟိ သစ္ဆိကတံ မေံ အဟံ သစ္ဆိကရောမိ။
ယထာ တုမှေဟိ ဘာဝိတံ မေံ အဟံ ဘာဝေမိ။

တုမှေဟိ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရားတို့သည်။ ဇာနိတံ၊ သိအပ်သော၊ မေံ၊ တရားကို။ ဇာနာတယထာ၊ သိတော်မူကြကုန်သကဲ့သို့။ အဟံ၊ ဘုရား တပည့်တော်သည်။ ဇာနိတံ၊ သိအပ်သော၊ မေံ၊ တရားကို။ ဇာနာမိ၊ သိနိုင်ရပါလို၏။

တုမှေပဟိ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရားတို့သည်။ ပဇဟိတံ၊ ပယ်အပ်သော။ ဓမ္မံ၊ တရားကို။ ပဇာဟဘာယသာ၊ ပယ်တော်မူကြကုန်သကဲ့သို့။ အဟံ၊ ဘုရားတပည့်တော်သည်။ ပဇဟိတံ၊ ပယ်အပ်သော။ ဓမ္မံတရားကို။ ပဇဟာမိ၊ ပယ်နိုင်ရပါလို၏။

တုမှေပဟိ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရားတို့သည်၊ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်သော။ ဓမ္မံ၊ တရားကို။ သစ္ဆိကရောတယထာ၊ မျက်မှောက်ပြုတော်မူကြကုန်သကဲ့သို့။ အဟံ၊ ဘုရားတပည့်တော်သည်။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်သော။ ဓမ္မံ၊ တရားကို။ သစ္ဆိကရောမိ၊ မျက်မှောက်ပြုနိုင်ရပါလို၏။

တုမှေပဟိ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရားတို့သည်။ ဘာဝိတံ၊ ပွားများအပ်သော။ ဓမ္မံ၊ တရားကို။ ဘာဝေတယထာ၊ ပွားများတော်မူကြကုန်သကဲ့သို့။ အဟံ၊ ဘုရားတပည့်တော်သည်။ ဘာဝိတံ၊ ပွားများအပ်သော။ ဓမ္မံ၊ တရားကို။ ဘာဝေမိ၊ ပွားများနိုင်ရပါလို၏။

ဤသို့ ဘုရားရှေ့တော်၌ သေးမျက်နှာက ရှိသေစွာထိုင်၍ ရှေးဦးစွာ ပြုအပ်သော မြတ်စွာဘုရားအား ကန်တော့ခြင်း၊ ခန္ဓာကိုယ်ကို လှူဒါန်းခြင်း၊ ဆုတောင်းပဌနာပြုခြင်း စသည် တို့ကိုပြုရာ၏၊ ပြုပြီးသောအခါ အရိယာဘို့အား ပြစ်မှားမိသော အရိယူပဝါဒန္တရာယ်များရှိခဲ့လျှင် လွတ်ကင်းပျောက်စေခြင်းငှာ အရိယာအပေါင်း သူတော်ကောင်း တို့အားလည်း ရည်မှန်း၍

တထိုင်တည်း ကန်တော့ကြရဦးမည်။ ကန်တော့အပ်၏။ ကန်တော့ကြပါလေ။

အရိယာပုဂ္ဂိုလ်တို့အား ကန်တော့ရန်

ခမန္တု မေ သပ္ပုရိသာ အစ္စယံ။ ။(သုံးကြိမ်)

သပ္ပုရိသာ၊ အရိယာနွယ်ဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ သန္တာ၊ အရိယာနွယ်ဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့သည်။ မေ—မမ၊ အကျွန်ုပ်၏။ အစ္စယံ၊ တွေ့ဝေမိုက်မှား မလိမ်မာ၍ ကျူးလွန်မိသော အပြစ်များကို။ ခမန္တု၊ အပြစ်မပေးပဲ ကျေအေး၍ သည်းခံတော်မူကြပါကုန်လော့။

ဘုရားရှေ့တော်၌ ပြုအပ်သော ဗုဒ္ဓပူဇာကိစ္စတရပ် ပြီး၏။

ဂုဏ်တော် နှလုံးသွင်းရန် အကြောင်းကား

မြတ်စွာဘုရားရှေ့တော်၌ ပြုအပ်ပြီးသော ဗုဒ္ဓပူဇာကိစ္စပြုပြီးသည်နှင့် တပြိုင်နက် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ထွဋ်ထားသဗ္ဗညု မြတ်စွာဘုရား၏ အရဟံ အစရှိသော ၉ ပါးသော ဂုဏ်တော်တို့ကို ၉ ပါးလုံး တတ်နိုင်သည်ဖြစ်စေ၊ ၄၊ ၅ ပါး တတ်နိုင်သည်ဖြစ်စေ ၂၊၃ ပါး တတ်နိုင်သည်ဖြစ်စေ၊ တပါးတည်း တတ်နိုင်သည်ဖြစ်စေ၊ နှလုံး၌စူးစိုက်မိသော ဂုဏ်တော်ကို

ဖြစ်စေ၊ သို့မဟုတ် နှလုံးသွင်းစိုးစိုက်လွယ်ကူ၍ သူက ငါက နှလုံး သွင်းကြသော "အရဟံ" ဂုဏ်တော်ကို ဖြစ်စေ တတ်နိုင်သော နေ့ရက်တို့ ပတ်လုံး နှလုံးသွင်း၍ အားထုတ်ကြရမည်။

"အရဟံ" ဂုဏ်တော်ဆိုသည်ကား လူမင်း၊ နတ်မင်း၊ ဗြဟ္မာ မင်းတို့ ဝပ်စင်းကော်ရော် အလှူတော်ကို အပူဇော်ခံနိုင်သော အကြောင်းကြောင့် ရအပ်သောဂုဏ်တော်သည် အရဟံဂုဏ်တော် မည်၏။

ဤအရဟံဂုဏ်တော်သည် အမိ အဘ၊ အစ်ကို အစ်မ၊ ဆွေမျိုး ဉာတိ သလောဟိတနှင့် သမဏ ဗြာဟ္မဏတို့ ပေး၍ ရအပ်သော ဂုဏ်တော်မဟုတ်ပေ။ ပေးပည်း မပေးနိုင်ဟု [illegible] ကြွလျက် အကိုင်းအခက် ဖြာဝေသည့် ဗောဓိရှုကွေ ပလ္လင်တော်၌ ပလ္လင်ခွေ သစ္စာ တဆယ့်ခြောက်ပြာကို ဆရာမရှိ အလိုလိုသိတော်မူသော သယမ္ဘူ သဗ္ဗညုဘ ရွှေဉာဏ်တော်ကို ရသည်နှင့် တပြိုင်နက် ကိလေသာစက် သုံးထောင်ဝက်ကို အရဟတ္တမဂ် ဉာဏ်သက်နက် ဖြင့် တချက်တည်း ခုတ်ဖြတ်၍ ပြတ်သည်နှင့်အကွနက် ရတော် မူသော အရဟံဂုဏ်တော်။

တနည်းအားဖြင့် လောဘ ဒေါသ မောဟ ဘည်းဟူသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော အကြောင်းကြောင့် ဒီပကနည်းအားဖြင့် ရတော်မူသော အရဟံ ဂုဏ်တော်။

ဤဂုဏ်တို့ကို ဆင်ခြင်၍ နှလုံးသွင်း အောက်မေ့အပ်၏။ ဤ အရဟံ ဂုဏ်တော်ကို ဗုဒ္ဓပုဗ္ဗ ကိစ္စပြုပြီးသည့် အဆုံး၌ သမထ ဝိပဿနာတို့၏ ရှေးဦးစွာ အားထုတ်အပ်သော သဗ္ဗတ္ထက

ကမ္ဘာ့ဌာန်းကို မစီးဖြန်းမိ အရဟံဂုဏ်တော်ကို ပွားများကြရာ၏။ ဤသို့ အရဟံဂုဏ်တော်အကြောင်းကို သာမညရှေးဦးစွာ သိထားအပ်၏။

အရဟံဂုဏ်တော် နှလုံးသွင်းရန်

သော ဘဂဝါ ဣတိပိ အရဟံ။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာစ ကာရဏေန၊ ဤသို့ လောဘ ဒေါသ မောဟ တည်းဟူသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော အကြောင်းကြောင့်လည်း။အရဟံ၊အရဟ မည်တော်မူပါပေ၏။

ထို မြတ်စွာဘုရားရှင်သည် လောဘ ဒေါသ မောဟ တည်းဟူသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော အကြောင်းကြောင့် ရတော်မူသော အရဟံ ဂုဏ်တော်။

ဤ"အရဟံ" ဟူသော ဂုဏ်တော်သည် လောဘ ဒေါသ မောဟ တည်းဟူသော အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော အကြောင်းကြောင့်သာ ရတော်မူသော ဂုဏ်တော် ဖြစ်သည်။

ဤဂုဏ်တော်သည် လောဘ ဒေါသ မောဟ တည်းဟူသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသော အကြောင်းကြောင့်သာ ရတော်မူသော အရဟံဂုဏ်တော်ဟု နှလုံးသွင်းလျက် ကိလေသာမရှိသော ဂုဏ်ကို အာရုံပြု၍—

ထွက်သက်အခိုက်....အရဟံ....အရဟံ....အရဟံ၊
ဝင်သက် အခိုက်....အရဟံ....အရဟံ....အရဟံ

ဟု ၃၊ ၄ ချက်လောက်စီလိုက်၍ လိုက်၍ ဂုဏ်ကို ထင်မြင်အောင် သုံးသပ်ဆင်ခြင်၍ တတ်နိုင်သမျှ နေ့ညဉ့် ပတ်လုံး အားထုတ် အပ်၏။ ဤကား သမထ ဝိပဿနာတရားတို့ကို အားမထုတ်မိ မိမိတို့နေရာ၌ နေ၍ အားထုတ်အပ်သော ပုဗ္ဗကိစ္စ ပေတည်း။

တနည်း–အရဟံဂုဏ်တော်ကို နှလုံးသွင်းရန်

သော ဘဂဝါ ဣတိပိ အရဟံ။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း တို့၏ ဝပ် စင်းကော်ရော် အလှူဘော်ကို အပူဇော် ခံထိုက် သော ကြောင့် လည်း၊ အရဟံ၊ အရဟံ မည်တော်မူပါပေ၏ ဟု နှလုံးသွင်း လျက် အပူဇော်ခံနိုင်သော ဂုဏ်ကိုအာရုံပြု၍–

ထွက်သက်အခိုက် အရဟံ....အရဟံ....အရဟံ၊
ဝင်သက် အခိုက် အရဟံ....အရဟံ....အရဟံ

ဟု စွမ်းနိုင်သော နေ့ရက်ပတ်လုံး နှလုံးသွင်းနေရာ၏။

တနည်း–အရဟံဂုဏ်တော်ကို နှလုံးသွင်းရန်

သော ဘဂဝါ ဣတိပိ အရဟံ၊

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့ ကိလေသာစက် သုံးထောင်ဝက်ကို အရဟတ္တ မဂ် ဉာဏ်လက်နက်ဖြင့် တချက်တည်း ခုတ်ဖြတ်၍ သတ်တော်မူ

နိုင်သောကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူပါပေ၏
ဟု နှလုံးသွင်းလျက် ကိုလေသာပြတ်သွား သောဂုဏ်ကို အာရုံ
ပြု၍-

ထွက်သက်အခိုက် အရဟံ....အရဟံ....အရဟံ၊
ဝင်သက် အခိုက် အရဟံ....အရဟံ....အရဟံ

ဟု စွမ်းနိုင်သော နေ့ရက်ပတ်လုံး နှလုံးသွင်းနေရာ၏။

ဤသို့ပြုအပ်သော အရဟံဂုဏ်ကို အာရုံအဆောက် လျင်မြန်သော ဂုဏ်ကိုယူ၍ အားထုတ်ပြီးသောအခါ အာစရိယ ပရံပရတို့ အားထုတ်အပ်သော ပုဗ္ဗကိစ္စ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို အားထုတ်အပ်၏။

## သမထ ဝိပဿနာတို့၏ ရှေးဦးစွာ အားထုတ်အပ်သော ပုဗ္ဗကိစ္စ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းအစဉ်ကို ပြခြင်း

ကန်-လှူ-ဆုတောင်း၊ ဂုဏ်ပေါင်း – မေတ္တာ၊
အသုဘာနှင့်၊ မရဏမယွင်း၊ သမထ၏
ပုဗ္ဗကိစ္စသွင်း။

ထိုထိုတို့ကို ပြခဲ့ပြီးသည်နှင့်အညီ သမထ ဝိပဿနာ တို့ကို အားထုတ်အံ့သော ယောဂီပုဂ္ဂိုလ်တို့သည် သမထ ဝိပဿနာ တို့ကို အားမထုတ်မီ ရှေးဦးစွာ သမယ အခါကာလ၌ အာစရိယ ပရံပရ–ဆရာအဆက်ဆက်တို့ အားထုတ် အပ်သော ပုဗ္ဗကိစ္စ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို ပြဦးမည်။ ပြခဲ့ပြီးသော ပုဒ္ဓပုဗ္ဗကိစ္စ၌ မြတ်စွာဘုရားအား ကန်တော့ခြင်း၊ ခန္ဓာကိုယ် အတ္တဘောကို လှူဒါန်းခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်း၊ ဂုဏ်တော်ကို နှလုံးသွင်းခြင်းတို့ကို ပြခဲ့ပြီးပြီ။ ယခုအခါ မေတ္တာပွားခြင်း၊ အသုဘ နှလုံးသွင်းခြင်း၊ သေခြင်းတရားတို့ကို အောက်မေ့ဆင်ခြင် ခြင်းတို့ကို အားထုတ်ကြရမည်။

ဤသည်တို့သည် ပဓာနဖြစ်သည့် ပါရိဟာရိယ ကမ္မဋ္ဌာန်းကို အားမထုတ်မီ ရှေးဦးစွာတကိစ္စထား၍ အားထုတ်သော ပုဗ္ဗကိစ္စ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဖြစ်သည်။

**မေတ္တာပို့ရန်အစီအစဉ်**

ယောဂီပုဂ္ဂိုလ်တို့ မေတ္တာပို့သရန် အစီအစဉ်စကားသည်ကား ဂုဏ်တော်ကို နှလုံးသွင်းအားထုတ်၍ ကျေနပ်ပြီးသော ယောဂီပုဂ္ဂိုလ်တို့သည် မေတ္တာတရားကိုဆက်၍ နှလုံးသွင်းအားထုတ်ကြရာ၏။ နှလုံးသွင်းအားထုတ်ကြရာ၌ လူတို့သည် လူတို့အလျောက်၊ ရဟန်းတော်တို့သည်ရဟန်းတော်တို့အလျောက် စပ်ဆိုင်သည်တို့ကိုအရင်းခံထား၍ အခွင့်အခါအားလျော်စွာ ငါးရာနှစ်ဆယ့်ရှစ် (၅၂၈)သွယ်သော မေတ္တာတရားတို့ကို နှလုံးသွင်းအားထုတ်နိုင်ကြရာ၏။

**၅၂၈ အစီအစဉ် မာတိကာများ**

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။

သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိတာ။

အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။

**မာတိကာ ပါဠိအနက်များကား—**

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ အာရုံ၌ကပ်ငြိတတ်ကုန်သော သတ္တဝါတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏာ၊ ထွက်သက် ဝင်သက် ရှိကုန်သော သတ္တဝါတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘူတာ၊ ဥပါဒါန် မကင်းကုန်သော သတ္တဝါတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အတ္တဘာဝပရိယာပန္နာ၊ အတ္တဘော၌ အကျုံးဝင်ကုန်သော သတ္တဝါတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အနရိယာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဒေဝါ၊ နတ်တို့သည်၊

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ မနုဿာ၊ လူတို့သည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဝိနိပါတိကာ၊ ဝိနိပါတိတ အသူရာတို့သည်။

အဝေရာ၊ ရန်ဟူသမျှ မရှိကြကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အနီဃာ၊ ဆင်းရဲဟူသမျှ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

(အဗျာပဇ္ဇနှင့်အနီဃမှာ စိတ်၏ဆင်းရဲနှင့် ကိုယ်၏ဆင်းရဲ)။

ဤသို့ပြဆိုအပ်ပြီးခဲ့သော မာတိကာ ပါဠိ အနက်သဘောကို ရှေးဦးစွာ သိအောင် ဆောင်ထားအပ်၏။ ဆောင်ထားပြီးလျှင် အနောမိသပုဂ္ဂိုလ်ငါးယောက်။ ဩမိသပုဂ္ဂိုလ်ခုနစ်ယောက်တို့ကိုလည်း အထူးသိသားရာ၏။ အဒိသာဝဇ္ဇကာကိုလည်း သိရာ၏။ ဒိသာဝဇ္ဇကာကိုလည်း သိရာ၏။ ဤအခြင်းအရာလေးပါးတို့ကို ကောင်းစွာသိခဲ့ကုန်ရာ၏၊

ထိုလေးပါးတို့တွင် အနောမိသပုဂ္ဂိုလ် ငါးယောက်ကား- သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊သဗ္ဗေပုဂ္ဂလာ။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ ဤငါးယောက်တို့သည်မည် သူမည်ဝါဟု ရည်ရွယ်ခြင်းမရှိသဖြင့် အနောမိသ ပုဂ္ဂိုလ်မည်၏။

ဩမိသပုဂ္ဂိုလ် ခုနစ်ယောက် ဟူသော်ကား— သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ ဤခုနစ်ယောက်တို့သည် မိန်းမ၊ ယောကျ်ား စသည် ရည်ရွယ်သဖြင့် ဩမိသပုဂ္ဂိုလ်မည်၏။

ဤဩမိသပုဂ္ဂိုလ်၊ အနောမိသပုဂ္ဂိုလ် တကျိပ်နှစ်ယောက်တို့သည် ဇာတိခေတ် စကြဝဠာတသောင်း၊ အာဏာခေတ် စကြဝဠာ ကုဋေတသိန်း၊ ဝိသယခေတ်စကြဝဠာ အနန္တအဆုံးမရှိအထက်ဘဝဂ် အောက်အဝီစိအတွင်း၌ ကျင်လည်ကျက်စားသွားလာနေထိုင်လျက် ရှိကြကုန်သော ထိုထိုသတ္တဝါတို့တွင် သုခိတသတ္တဝါအနန္တ ဒုက္ခိတသတ္တဝါ အနန္တ ရှိကြရာ ထိုသတ္တဝါ ဟူသည်တို့ကိုသာ ရည်ရွယ်နှလုံးသွင်း မေတ္တာတရားများကို ပွားများအားထုတ်ကြရာ၏။

ဤသည်တို့ကား ဩဓိသ အနောဓိသ အဒိသာဖရဏမေတ္တာ ဟူ၍ မှတ်အပ်၏၊

ဒိသာဖရဏ မေတ္တာဟူသည်ကား– မိမိတို့ နေထိုင်သော အရပ်မှ အရှေ့၊အနောက်၊ တောင်၊ မြောက်၊ အရှေ့တောင်၊ အနောက်မြောက်၊ အရှေ့မြောက်၊ အနောက်တောင်၊ အောက်အရပ်၊ အထက်အရပ်တို့ကို ရည်ရွယ်၍ ဤတကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့ကို မေတ္တာတရားဖြင့် နှလုံးသွင်း၍ ပွားများခြင်းသည် ဒိသာဖရဏမေတ္တာမည်၏။

(ဤသည်ကား ဒိသာဖရဏ မေတ္တာဟူ၍မှတ်)

ဤသို့သော မေတ္တာတရားကို ပွားများ အားထုတ်ကြရာ၌ မေတ္တာတရားကို ပွားများပို့သသောအခါ သုခိတာသတ္တာဝါ၊ ဒုက္ခိတသတ္တဝါရှိရာ သတ္တဝါဟူသည်ကိုသာ ရည်ရွယ်နှလုံးသွင်း၍ ၅၂၈ သွယ်မေတ္တာပြည့်အောင် ပွားများကြရာ၏။

ဤသို့မေတ္တာတရား ပွားများပို့သကြရန် အစဉ်ပြသည်ကို ကျွမ်းကျင်နားလည်အောင် မှတ်သားထားခဲ့၍ ဤသို့မှတ်သားထားခဲ့ပါမှ ပြလတ္တံ့, ပို့သလတ္တံ့သော မေတ္တာတရားပွားများပို့သပုံတို့ကို လွယ်ကူနိုင်မည်၊ ထို့ကြောင့် ကျွမ်းကျင်အောင် မှတ်သားသားအပ်၏။

ဤသည်တို့ကား မေတ္တာတရားပွားများအားထုတ်ရန် အစီအစဉ်ပြသောအကြောင်းပေတည်း။

## ၅၂၈ သွယ်သော မေတ္တာပို့သပုံ ပို့သနည်း

ဤသို့ ၅၂၈ သွယ်သော မေတ္တာပို့သပုံ ပို့သနည်းဘို့ကို ကုန်စင်အောင် ရေးသား၍ ပြနေရမည်ဆိုလျှင် ကျမ်းကျယ်ဝန်း နေမည်ဖြစ်ရကား ပြသပြီးသော စကားဖြင့်ပင် ကျွမ်းကျင်စေက သိလောက်သည်တကြောင်း၊ သို့မဟုတ်က ပြသသော ဆရာများနှင့်နှီးနှော၍ ပြသသောစကားတို့ကိုမှတ်ယူသဖြင့် သိလောက်သည် တကြောင်း၊ သို့မဟုတ်က တနည်းနည်းဖြင့် တရပ်ရပ်သော ထံမှ သင်ယူသဖြင့် သိလောက်သည်ဘကြောင်း၊ ဤသို့သော အကြောင်းတို့ဖြင့် ၅၂၈ သွယ်သော မေတ္တာကို မရေးသားခဲ့တော့ပေ၊ ဆရာတော်အသီးသီးတို့ ရေးသားထားသော ကျမ်းများကိုလည်း သိအပ်၏။

ဤအခါသည် သမထ ဝိပဿနာတို့၏ ရှေးဦးစွာ ပုဗ္ဗကိစ္စအနေ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ပြသဖြင့် ကျယ်ဝန်းသည်ဟု မေတ္တာဘရားတို့ကို မပို့သပဲ မနေအပ်၊ အခွင့်အခါ ကြုံကြိုက်သည့်အခိုက် နှစ်နှစ်ခြိုက်ခြိုက် စိတ်၌ထား၍ ၅၂၈ သွယ်သော မေတ္တာတရားကို ပို့သပွားများခဲ့ရာ၏။ နောင်သောအခါ ဤလို ရကြသော အခွင့်မျိုးနှင့် ကြုံကြိုက်ခဲလှ၍ ယခုအခါကပင် ကြိုတင်၍ ပို့သပွားချွားအပ်သော ပုဗ္ဗကိစ္စဘရပ်ဖြစ်ပါ၏။

နောက်ဆုံး မိမိဘို့သည် အခွင့်အခါ အကျယ်အဝန်းမလိုက်နိုင်သော် ကိုယ်စောင့်နတ်၊ အဆုမ်စောင့်နတ်၊ သီတင်းသုံးဘော်စသည်တို့အပေါ်၌ ထားအပ်သော မေတ္တာတရားနှင့် တကွ

ဩဓိသမေတ္တာ၊ အနောဓိမေတ္တာဘာဝနာတို့ကို ရအပ်သော ဆရာထံက နည်းယူ၍ ပွားများအပ်၏။

## ဩဓိသ၊ အနောဓိသ မေတ္တာပို့သရန် နည်း

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗေ အရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။

သုခဗ္ဗဒေဝါ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။
သဗ္ဗေမနုဿာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။
သဗ္ဗေဝိနိပါတိကာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

ဤသို့အရပ်ဒေသ ဒိသကို မရည်ရွယ်ပဲ သတ္တဝါတို့ကိုသာ ရည်ရွယ်၍ မေတ္တာတရား ပို့သပွားများခြင်းသည် အဒိသာ ဖရဏ မေတ္တာမည်၏။ မေတ္တာပေါင်းကား — ပုဂ္ဂိုလ်တကျိပ် နှစ်ယောက်ဖြစ်သဖြင့် မေတ္တာလေးပါး ဟု လေးချက်စီ ရပေ ရကား ၄၈ ပါးသော မေတ္တာကို ရအပ်၏။

သဘောကျအောင် မှတ်ထားပါလေ၊ အနက်များကား နောက်အစီအစဉ်၌ ပြခဲ့ပြီးသော အနက်အတိုင်းသိအပ်၏၊

ဤသို့သော ဩဒိသ အနောဒိသ (အဒိသာ ဖရဏ) မေတ္တာ တို့ကို သမထ ဝိပဿနာတို့၏ ရှေးဦးစွာတနည်း၊ တကဏ္ဍထား၍ ပွားများကြကုန်ရာ၏။

ဤနေရာမှ ဆက်၍ ၅၂၈ ပါးသော မေတ္တာ ထင်မြင်ပို့သ တတ်ရန် ဒိသာဖရဏ မေတ္တာပြသရန်ကို ဆရာတော်ဘုရားကြီး အမိန့်ရှိပြန်သဖြင့် အောက်၌ဆက်၍ ဒိသာဖရဏ မေတ္တာကို ပြဦးအံ့၊

○

ဒိသာဖရဏ မေတ္တာပို့သရန်

ပုရတ္ထိမာယ ဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

ဒိသာဖရဏအတိုင်း ဆိုပါလေ။ (၄၀)

ပစ္ဆိမာယ ဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

ဒိသာဖရဏအတိုင်း ဆိုပါလေ။ (၄၀)

ဥတ္တရာယ ဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

ဒိသာဖရဏအတိုင်း ဆိုပါလေ။ (၄၀)

ဒက္ခိဏာယ ဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

ဒိသာဖရဏအတိုင်း ဆိုပါလေ။ (၄၀)

ပုရတ္ထိမာယ အနုဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

ဒိသာဖရဏအတိုင်း ဆိုပါလေ။ (၄၀)

ပစ္ဆိမာယ အနုဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ
ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

အဒိသာဖရဏာအတိုင်း ဆိုပါလေ။ (၄၇)

ဥတ္တရာယအနုဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ
ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

အဒိသာဖရဏာအတိုင်း ဆိုပါလေ။ (၄၇)

ဒက္ခိဏာယအနုဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ
ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

အဒိသာဖရဏာအတိုင်းဆိုပါလေ၊ (၄၇)

ဟေဋ္ဌိမာယ ဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ
ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

အဒိသာဖရဏာအတိုင်း ဆိုပါလေ။ (၄၇)

ဥပရိမာယ ဒိသာယ—

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ
ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

အဒိသာဖရဏာအတိုင်း ဆိုပါလေ။ (၄၇)

ဤသို့ ဒိသာဖရဏမေတ္တာ ၄၈၀ ပြည့်အောင် ပို့သွားများကြရာ၏။

၅၂၈ သွယ်သော မေတ္တာသိရန်ကား--

ပထမ ပြခဲ့ပြီးသော အဒိသာဖရဏမေတ္တာ ၄၈ ပါး၊ ယခု ပြသော ဒိသာဖရဏမေတ္တာ ၄၈၀ နှစ်ရပ်ပေါင်းသော် ၅၂၈ သွယ်သော မေတ္တာကို သိအပ်၏။

ဤသို့သော မေတ္တာတရားတို့ကို သမထ ဝိပဿနာတို့၏ ပုဗ္ဗကိစ္စထား၍ ရှေးရှေးသော သပ္ပုရိသအပေါင်း သူတော်ကောင်း၊ အစစရိယ ပရံပရတို့ အဆက်ဆက် အစဉ်အလာအတိုင်းပွားများအားထုတ်ကြသော သဗ္ဗတ္ထက ကမ္မဋ္ဌာန်း မေတ္တာတရားများ ဖြစ်သတည်း။

ဤကား သဗ္ဗတ္ထက ကမ္မဋ္ဌာန်း မေတ္တာတရားပေတည်း။

............

ထိုင်ပုံထိုင်နည်း

ဗုဒ္ဓ၏

'ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ'

စသည်ဖြင့် တင်ပျဉ်ခွေထိုင်၊ကိုယ်အထက်ပိုင်းကို ဖြောင့်ဖြောင့်ထားဟု မိန့်ခဲ့သည်။ဘာကြောင့်နည်း၊ထိုထိုင်ပုံအနေအထားသာလျှင် ခါးနာခြင်း၊လက်ပြင်အောင့်ခြင်း၊ခြေသောက်ကိုလိမ်ခြင်း စသည်မဖြစ်ပဲ၊ တာရှည်ထိုင်နိုင်မည့် အနေအထား ဖြစ်ပြီး၊ ကမ္မဋ္ဌာန်း၌ စိတ်အာရုံကောင်းစွာညွတ်စေနိုင်သောကြောင့် ဖြစ်သည်။

## ပုတီးစိပ်အားထုတ်ရာ၌လိုအပ်သောအချိန်

ပုတီးစိပ်မှုကိုအားထုတ်ရန် အချိန်နှင့်ပတ်သက်၍မူ ဆည်းဆာ လေးချက်ဖြစ်သော အရုဏ်တက်၊နေ့လယ်မွန်းတည့်၊ ညနေဝင်၊ ည၌သန်းခေါင်ယံတို့နှင့် ထိုအချိန်ပတ်ဝန်းကျင် အနီးကပ်ဆုံး အချိန်တို့ကို ယောဂီမြတ်တို့ နှစ်သက်ပြဋ္ဌာန်းကြသည်။

သို့ရာတွင် လူတို့မည်သည် ကိစ္စများခမြောင် လူတို့ဘောင် ဆိုသော စကားအရ စား၊ဝတ်၊နေရေး၊လူမှုရေး၊ တိုင်းရေးပြည် ရေးတို့ကိုလည်း ဆောင်ရွက်ကြရသည့် အလျောက် ထိုကိစ္စများ တနေ့တာဆောင်ရွက်ပြီး အားလပ်မှသာ ကြောင့်ကျမဲ့ စိတ် ချမ်းသာစွာ အားထုတ်နိုင်မည်ဖြစ်၍ ယောဂီမြတ်တို့ သတ်မှတ် ထားသောအချိန်များတွင် မိမိတို့အဆင်ပြေမည့်အချိန်နှင့် ညှိနှိုင်း သတ်မှတ်၍ အားထုတ်သင့်ပေသည်။

သို့ရာတွင် များသောအားဖြင့် နံနက် ၄ နာရီ ၅ နာရီအချိန် ပိုင်းများသည် လူတိုင်းအားလပ်၍ ကြောင့်ကျခပ်သိမ်းမဲ့သော အချိန်ဖြစ်လေသည်။ ထို့ကြောင့် ပုတီးစိပ်မှုကို နံနက် အရုဏ် တက်ဖြစ်သော ဗြဟ္မမုဟုတ္တရအချိန်တွင် အားထုတ်ရန် အသင့် လျော်ဆုံးဖြစ်ပေသည်။

သဘာဝအားဖြင့်လည်း ရောင်နီလာချိန်ဖြစ်၍ သစ်လွင် နူးညံ့ ကြည်နူးဖွယ်ကောင်းသောအချိန်လည်း ဖြစ်သည်။အိပ်ရာမှ နိုးစ အားအင်ပြည့်ဖြိုး ရှင်လန်းပွင့်လင်းသော အချိန်သည်း ဖြစ်၍၊ ယောဂီမြတ်တို့အလိုအရ ယောဂီအပေါင်းတို့သည် ထိုအချိန်ဝယ် တရားအား ထုတ်ခြင်းမန္တာန်ကျူး မတ္တာ

ပို့ခြင်း၊အမျှဝေခြင်း စသောအမှုတို့ကို ပြုလုပ်ရာ အမွန်မြတ်ဆုံးအချိန်ဖြစ်၍ ၎င်းသူမြတ်တို့ ဟိတ်တန်ခိုး၊ မေတ္တာဘုန်ခိုးတို့ ပျံ့နှံ့နေဆဲအချိန်ဖြစ်သည်၊

ဗုဒ္ဓရှင်တော်မြတ်သည် မဟာကရုဏာ ကွန်ယက်ကို ဖြန့်၍ ကျွတ်ထိုက်သောဝေနေယျ သတ္တဝါတို့ကို ကြည့်ရှုတော်မူသော အချိန်သည် ဤအရုဏ်ဘက် အချိန်ပင်ဖြစ်ပေသည်။

ထို့ကြောင့် အားလပ်သောကြောင့်ကျမဲ့အချိန်၊ အိပ်ရာမှ နိုးစ အားသစ် ဉာဏ်သစ်ဖြစ်ပေါ်သောအချိန်၊ သစ်လွင် နူးညံ့ ကျက်သရေရှိသည့်အချိန်လည်း ဖြစ်သည့်ပြင် ယောဂီမြတ်တို့၏ ပို့သသောမေတ္တာ၊ဆည်းပူးအပ်သောပညာဟိတ်၊အာနိသင်ဟိတ် တို့ မိမိ၏ခန္ဓာအား လွှမ်းခြုံနိုင်သောအချိန်ဖြစ်ပေသည်။

ဤအချိန်ဝယ် အားထုတ်နိုင်ရန် အထူးကြိုးစားသင့်ပေသည်။

တိုင်းရေးပြည်ရေး၊ လူမှုရေးဆောင်ရွက်ရန် တဦးနှင့်တဦး တာဝန်ချင်း မတူညီသည့်အလျောက် တနေ့လေးကြိမ်၊ သုံးကြိမ် နှစ်ကြိမ်၊တကြိမ်စ သဖြင့်မိမိ အဆင်ပြေသလိုကိုယ်ပိုင်အစီအစဉ်ဖြင့် အားထုတ်ရမည်ဖြစ်ပေသည်။တနေ့လျှင် အနည်းဆုံး တကြိမ်၊ ထိုပြဟ္မမုဟုတ္တရအချိန်တွင် မပြင်မနေ ပုတီးစိပ်အပ်ပေသည်။ ထိုအချိန်ကို မည်သည့်နည်းနှင့်မျှ လက်လွှတ်အဆုံးရှုံးမခံပါစေ နှင့်။

အကြင်ပုဂ္ဂိုလ်သည် စိပ်ပုတီးစိပ်ခါနီးဘွင် ရေချိုးရန် အကျင့် ပြုလုပ်ပါ။ရေချိုးရန် တစုံတခုသော အကြောင်းက ဟန့်တားနှောင့်ယှက်ခြင်းအဖြစ် မခံပါစေနှင့်။ ချမ်းစိမ့်စိမ့်ဖြစ်နေ၍ ရေ မချိုးလိုခြင်း၊ ရေချိုးရမည်ကိုပျင်း၍ မချိုးလိုခြင်းများကြောင့်

ရေမချိုးလျှင် စိပ်ပုတီးစိပ်ရာ၌ လန်းဆန်းရှင်ပြနေမည် မဟုတ်ပေ။

ရေချိုးခြင်းသည် အားထုတ်မည့်ကိစ္စ၌လည်း ကိုယ်လက်ပေါ့ပါး ရှင်လန်းမှုဖြစ်စေသည့်ပြင် ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စေရာလည်း ရောက်သည့် ကျန်းမာရေးနှင့်လည်း ညီညွတ်ပေသည်။

သို့ရာတွင် ကိုယ်လက်မျက်နှာတို့ကို ရေအေးဖြင့် စင်ကြယ်အောင် ဆေးကြောပေးလျှင်လည်း လုံလောက်မှုရှိသည်။

အိပ်ရာမှထလျှင်ထချင်း ရေအေးအေးချိုးခြင်း၊ သို့မဟုတ် ခြေလက်မျက်နှာတို့ကို သန့်စင်စွာ ဆေးကြောသုတ်သင်ပြီးလျှင်ပြီးချင်း၊သမာဓိတရားအားထုတ်မှုအတွက်ရင်း၊ပုတီးစိပ်မှုအတွက်ရင်း၊ တဆက်တည်း မဆုတ်မဆိုင်းစေပဲ အသင့် ခင်းကျင်းထားသော အားထုတ်ပြုလုပ်နေကျနေရာဝယ် ထိုင်လိုက်ပါ။

ရေချိုးခြင်း၊မျက်နှာသစ်ခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်ခြင်းတို့ကို အကျယ်ချဲ့ပြီး လေးလံနှေးကွေးစွာဖြင့် အချိန်ဖြုန်းမနေမိစေရန် သတိပြုရပေမည်။

အကြောင်းမှာ အကြင်ပုဂ္ဂိုလ်အားထုတ်မည့် ဗြဟ္မမုဟုတ္တရအချိန်သည် လွန်စွာတန်ဖိုးကြီးမားလှသောကြောင့် တနေ့တာအဖို့ အလဟဿ လက်လွတ်ဆုံးရှုံးမသွားစေရန် ဖြစ်လေသည်။

အချို့မှာ မိမိ၏စိတ်ဘဝင်မကျမချင်း ပြုပြင်မွမ်းမံနေမှုဖြင့် အချိန်များကုန်ဆုံးကာ နောက်ဆုံး၌ မိုးထိန်ထိန်လင်းသွားသည်အထိ တစုံတရာအားထုတ်မှုမပြုရသေးပေ။ မိုးလင်းသောအခါ အသံဗလံများ ရောပြွမ်းနှောင့်ယှက်လာသဖြင့် အာရုံမမိပဲ အား

ထုတ်ရလေသည်၊သို့မဟုတ်လျှင် ကမန်းကတန်းဖြင့် အားထုတ်ရလေသည်၊

ရဖန်ရခါတွင် အိပ်ရာထရချိန်ပြီးသော်လည်း ကိုယ်လက်မအီမသာနှင့် စိတ်မရွှင်မလန်းဖြစ်လျှင်သော်၎င်း၊ အိပ်ချင်စိတ်များ မပျောက်တတ်သေးလျှင်သော်၎င်း ပုတီးစိပ်ရာ၌ များစွာစိတ်အနှောင့်အယှက်ဖြစ်တတ်သည်။

အိပ်ချင်စိတ်များအကြားမှ စိတ်မပါတပါနှင့် [illegible]းစားစိပ်နေယင်းမှလည်း၊ မိုးလင်းသွားတတ်သည်။ဤသို့ဆိုလျှင် အဖိုးတန်လှသော ဗြဟ္မမုဟုတ္တအချိန်၏ ဟိတ်တန်ဖိုးတို့ကို ရသင့်သလောက် မရပဲရှိတတ်ချေ၏။

"မဟာဝေယျသိဒ္ဓိကာမဒဒမာလိနီ"
သုဂတော ဂုဏ်တော် ပုတီးစိပ်နည်း

သမထ ဘာဝနာ

မဟာနိဒ္ဒေသပါဠိတော်၌ လာသည်နှင့်အညီ လေးကိန်းလောကုတ္တရာ၊ သံသရာနှင့် နိဗ္ဗာန် လမ်းနှစ်ဖြာခွဲ၍ ဘာဝနာသမထ ပွားများရန်ကို လမ်းညွှန်၍ ပြပေအံ့။

"ကာမစ္ဆန္ဒော ပဗ္ဗဇ္ဇာယ ပရိက္ခယာယ– ဘာဝနာ ဘာဝေတဗ္ဗာ အပုနဗ္ဘဝါယ"

ဟူသော ဒေသနာတော်ဖြင့် လမ်းညွှန်ပြတော်မူသည်။ ဘာဝနာ ဟူသည်ကား အလုံးစုံသော သမထဘာဝနာတရားတို့၏ ရှေးဦးစွာ အလုံးစုံသော စရိုက်ခြောက်ပါးလုံးလျော်သော ကမ္မဋ္ဌာန်းကား- ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း သာတည်း။ ထိုဗုဒ္ဓါနုဿတိ ဟူသည်ကား "သုဂတော" ဂုဏ်တော်၏ ကမ္မဋ္ဌာန်းသည်၊ ကောင်းသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိမြင်အပ်သော ဝိပဿနာ ဟူသော စကားကိုသာ အမြဲ ပြောဆိုခြင်း (သုဂတ) ဂုဏ်တော် တပါး၊ ဥပါဒါနက္ခန္ဓာ ဟူသော ရန်သူ ဒုက္ခဘေးကြီးမှကင်းဝေးရာဖြစ်သော နိဗ္ဗာန်ကို တပါးတည်းသွားစေခြင်း၊ မိမိကိုယ်တိုင်ကြွသွားတော်မူခြင်းတည်း ဟူသော (သုဂတ) ဂုဏ်တော်တပါး၊ ဤသို့ အစရှိသော ဂုဏ်တော်နှင့်ပြည့်စုံသော သုဂတဂုဏ်တော်ကို စီးဖြန်းပွားများ၍ နိဗ္ဗာန်သို့တိုင်ခြင်း၊ နိဗ္ဗာန်သို့ နက်ရှိုင်းခြင်း၊ နိဗ္ဗာန်သို့ညွတ်သောစိတ်ကိုဖြစ်စေ၍ အားထုတ်ပွားများရသည်။

ပွားများရန်ကား၊ သန္တုဋ္ဌိ၊ သလ္လေခနှင့် ပြည့်စုံသော အင်္ဂါ၊ နဝင်္ဂသီလကို ဘုရားမှာ လေးဆယ့်ကိုးရက် အဓိဋ္ဌာန် ပါရမီဖြင့် ခံယူဆောက်တည်၍ "သုဂတော"ဟူသော ဂုဏ်တော် ကို ပွားများ အားထုတ်ရမည်။

တနည်းလည်း ငါးပါးသော သီလကို ဘုရားပုံတော်ရှေ့မှာ ဆွမ်းဘောဇဉ် ခဲဖွယ်နှင့်တကွ၊ပန်း ရေချမ်း ဆီ မီး တို့ဖြင့်လှူဒါန်း ပူဇော်ပြီးလျှင် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ရအောင် (သုဂတ) ဂုဏ်တော်ကို ပွားများပါမည် ဟူ၍ရင်း၊ နှစ်သိန်း လေးသောင်း မြေထုနှင့်တူစွာ နှစ်သိန်းလေးသောင်း ရအောင် (သုဂတ) ဂုဏ်တော်ကို ပွားများပါမည် ဟူ၍ရင်း၊ လေးသိန်း

ရှစ်သောင်း ရှိသော ရေအထုနှင့် တူစွာ လေးသိန်းရှစ်သောင်း ရအောင် (သုဂတ) ဂုဏ်တော်ကို ပွားများပါမည် တူရှိရင်း၊ ကိုးသိန်းခြောက်သောင်း ရှိသော လေအထုနှင့် တူစွာ ကိုးသိန်း ခြောက်သောင်း ရအောင် (သုဂတ) ဂုဏ်တော်ကို ပွားများ အားထုတ်၍ ပုတီးစိပ်ပါမည်ဟူ၍ရင်း၊ အဓိဋ္ဌာန်ပါရမီဖြင့် ခံယူ ဆောက်တည်၍ (သုဂတော) ဟူသော ဂုဏ်တော်ကို ပွားများ အားထုတ်ရမည်။

ဤသို့ အဖန်ဖန်များစွာ ပွားများအားထုတ်သည်ရှိသော်–

"ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာ နာယ သံဝတ္တန္တိ"

ဟု ဗောဇ္ဈင်ဒေသနာတော် ဟောတော်မူသည့်အတိုင်း သမ္ဗော ဓာယ ဟူသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိမြင်အပ်သော ဝိပဿနာ ဉာဏ်၊ သစ္စာလေးပါးကို သိစွမ်းနိုင်သောဉာဏ်နှင့်တကွ နိဗ္ဗာန်သို့ ကိုင်းရှိုင်း၍ ညွတ်သောစိတ်ဖြစ်လာလိမ့်မည်။

"ပွားများအားထုတ်ရန် ဂုဏ်ကား"

သုဂတော သုဂတဓာန်၊ သုဂတော သုန္ဒရံပိစ၊ နိဗ္ဗာန် သုဂတောယာတိ၊ သုဂတော တေနမောနမာ။

ဤ သုဂတော ဂုဏ်တော်ကို ပုတီးစိပ်ရမည်။ တပုဒ်ကို တခါ စိပ်လျှင် သုဂတော ဂုဏ်တော် ငါးပတ်ရသည်။ ပုတီးတပတ်ပြည့် လျှင် သုဂတော ဂုဏ်တော်ပေါင်း ငါးရာလေးဆယ်ပေါင်း ဖြစ် သည်။ ပုတီးပတ်ပေါင်း တရာ ငါးဆယ့် ခြောက်ပတ် ရလျှင် မဟာကန္ဒာ ရှစ်သောင်းလေးထောင် ပြည့်၍ ဘုရားမှာ ဆွမ်း၊

ဘောဇဥ်၊ပန်း၊ရေချမ်း၊ ဆီမီး နှင့် တကွ ရှစ်သောင်းလေးထောင် ဘာဝနာ ကုသိုလ်ကို ပူဇော်၍ လိုရာ ဆုနိဗ္ဗာန်ကို တောင်းပါ။

ဤ "မဟာဇေယသိဒ္ဓိကာမဒဒမာလိနီ" မည်သော သုဂတော ဂုဏ်တော်သည် အကျိုးထူး အကျိုးမြတ်ကို မုချကေန် ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည် နှစ်သက် မြတ်နိုးခြင်းအမှုကို ပြုရာသည်။ ဤသို့ ယုံကြည်နှစ်သက် ပွားများအားထုတ်ရခြင်းသည်၊ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ နှင့် ပြည့်စုံ၍ ပဋိဘာနဝေပညာဖြင့် ဝိပဿနာသို့ ထိုးထွင်းသိမြင်၍၊ မဂ်အခြေ ဖိုလ်အခြေသို့ ရောက်သဖြင့် အပါယ်တံခါးပိတ်နိုင်မည်။

ဤ သုဂတော ဟူသော ဂုဏ်တော်သည် အမှန် တန်ခိုးကြီးပါဒ် ကြီးကျယ်သော ဂုဏ်တော်တည်း။ ဤဂုဏ်တော်သည် ဘုရားမပွင့်မီ ရှေးအဖို့က ရှင်ရသေ့ကို သိကြားမင်းလာ၍ ပေးလှူသော ဂုဏ်တော်ဟု ဇမ္ဗူဒိပ်တိုင်းသား ရဟန်းတော်၊ ရှင်အာဒိစ္စရံသီ စီရင်သော "သုဂတမင်္ဂ" ကျမ်းမှာ လာသည်။

သုဂတော၊ ကောင်းသော ဝိပဿနာတရားကို ပြောဆိုလေ့ရှိသော မြတ်စွာဘုရားသည်။ သုဂတာခေန်၊ ဥပါဒါနက္ခန္ဓာတည်းဟူသော ရန်သူဘေးမှ လွတ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်၌ တည်တော်မူ၏၊ သုဂတော၊ ဤနိဗ္ဗာန်၌ တည်တော်မူသော မြတ်စွာဘုရား၏ သုဂတံ ဟူသော ဂုဏ်တော်သည်။ သုဂတံ၊ ကောင်းသော ဝိပဿနာ ဘာဝနာကို ရွတ်ဆိုလေ့ရှိသော သဒ္ဓါနုသာရီမည်သော သပ္ပုရိသ သူတော်ကောင်းအပေါင်းကို။ သုဂတခေနံ၊ ဥပါဒါနက္ခန္ဓာတည်း ဟူသော ရန်သူဘေးမှ လွတ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ပို့ ဆောင်တော်မူတတ်၏။ သုဂတော၊

ကောင်းသော ဝိပဿနာ ဘာဝနာကို ပြောဆို ပြောဟောလေ့ ရှိသော မြတ်စွာဘုရားသည်။ သုဂတော၊ သုဂတံ၊ ကောင်းသော ဝိပဿနာဘာဝနာကို ရွတ်ဆိုပွားများလေ့ရှိသော သဒ္ဒါနုသာရီ မည်သော သပ္ပုရိသ သူတော်ကောင်း အပေါင်းတို့။ သုန္ဒရံပိ၊ အလွန်ကောင်းမြတ်သည်လည်းဖြစ်သော။ နိဗ္ဗာနံ၊ ဥပါဒါနက္ခန္ဓာ တည်း ဟူသော ရန်သူဘေးမှ လွတ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့။ ယာတိစ၊ ကိုယ်တော်တိုင်လည်း ကြွသွားတော်မူ၏၊ သူတပါးကို လည်း ကြွသွားစေတော်မူ၏။ သုဂတော၊ ဝိပဿနာ ဘာဝနာ တည်းဟူသော စကားကို ပြောဆိုတော် မူတတ်သောကြောင့် သုဂတဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တေတာ၊ ရှင်တော်မြတ်စွာဘုရားအား။ နမော၊ ဦးညွတ်ကြိုး လက်အုပ် မိုး၍။ အဟံ၊ အကျွန်ုပ်သည်။ နမာ၊ ရှိခိုးပါ၏ အရှင်ဘုရား၊

[ပညာ နေ့ဘွဲ့ဝိပဿနာကျမ်း (၃၀၀)]

* * *

# ၉ ဌာန ဘုရားရှိခိုးပုတီးစိပ်

ဩကာသ၊ ဩကာသ၊ အတုလံ အတုလ၊ နိုင်းမမျှသည့် ဗုဒ္ဓအစိန္တေသမ္ဗုဒ္ဓေအပေါင်းကိုဝပ်လျှောင်းရိုကျိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့၊ ကန်တော့ပါ၏ အရှင်ဘုရား။

သောဘဂဝါ၊ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗရံသိနာ၊ သူ့တော်ကောင်းတရားတော်ဖြင့်။ အန္ဓ၊ ကိလေသာ တည်းဟူသော အမိုက်တိုက်တို့ကို။ ဘိန္ဒ၊ ချိုးဖဲ့ဖျက်ဆီးတော်မူ ပြီး၍။ ပရံ၊ လွန်စွာ။ အာဘာ၊ ထွန်းလင်းတောက်ပတော်မူပါ ပေ၏ အရှင်ဘုရား။

ဗုဒ္ဓေါ၊ အကြောင်းမထင် သန့်ရှင်းစင်သော အောင် မင်္ဂလာ အောင်ကြောင်းသာသည့် အောင်ချာနိဗ္ဗူ၊ သယမ္ဘူဟု လူဂိပတိ မြတ်မုနိအရှင်၊ ထက်ဝန်းကျင်ဝယ် အဘိညာဉ်စီး ရိပ်ဖြူထီးသို့ ကောင်းချီးမင်္ဂလာ ငေ့နေယျာကို၊ ကရုဏာ တရား လွန်ပြန့်ပွား၍၊ မိုးဖျားအထက် သူရိန်စက်သည် ထွန်း ဘက်ရောင်ဝါ ဖြူဝန်းကာ၍ ခြောက်ဖြာအစုံ တဟုန်ဟုန်နှင့်။

ဥဏ္ဏာဂုစပ်၊ ဒေါင်းရဟပ်သည် မပြတ်စဉ်လာ၊ ရွှေပြုံဗွာက ထွက်လာညီးညီး မီးပုံကြီးကဲ့သို့၊ ရေးခြောက်သောင်း: စကြဝဠာ အပေါင်းကို ရောင်ပေါင်းလျှပ်လျှပ် တန်ခိုးမြတ်ကြောင့် လူနတ်သတ္တဝါ ဝေနေယျာကို၊ခြောက်ဖြာရောင်ဟိတ်၊ နဝင်းပြန့်နှံခြင်းကြောင့် ခိုတင်းရှိန်ထိ နဝင်းမိ၍ ရှိသည့်သတ္တဝါ ဝေနေယျာကို များစွာအကျိုးလွှန်ပြည့်ဖြိုး၍၊ တန်ခိုးတော်အဟုန် ကျေးဇူးဂုဏ်ကို၊ လုံးစုံမကျန် စိတ်ဝေဖန်၍၊ ဗုဒ္ဓံ ဗုဒ္ဓ သမ္ဗုဒ္ဓအစစ်၊ ဓမ္မ ရောင်ရောင်နှံ၊ မုနိန္ဒာမင်းမြတ် ဂုဏ်တော်ခေတ်စကြာ၊ သမ္ဗုဒ္ဓ မြတ်စွာကို။

အဟာ၊ ဘုရားတပည့်တော်သည်။ သရံ သရဏ္ဍော၊ ချီးကျူး မကုန် ကျေးဇူးဂုဏ်ကို၊ ယုံကြည်မသေ့ စေ့စေ့ရည်စူး၊ စိတ်ကူး မှတ်ထင် ဉာဏ်ဖြင့်ဆင်ခြင်လျက်။ သာဒရံ၊ ကောင်းမွန်မသေ ရှိသေလှစွာ။ နမာမိ၊ လက်အုပ်အဥ္စလိ၊ တင်ချီမြှောက်မိုး ဦးနှိမ်ကျိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

## ၁။ သောဘဂ၀ါ ဋ္ဌတိပိ အရဟံ

မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထကုမာရ မင်းသားသည် ၁၆ နှစ် မြောက်သောအခါ၊ မင်းဆက်တကာ မစံရဖူးသော ရမ္မ သုဘ၊ သုရမ္မတည်းဟူသော ရွှေနန်းသုံးဆောင်၌ ယသော်ဓရာ အမှူးရှိသော ရွှေအဆင်းနှင့်တူသော မင်းသမီး အပေါင်းလေးသောင်းခြံရံလျက်၊မင်းစည်းစိမ်ကို ခံစားစံစားစဉ် ရှေးဘုရားများမှာ ရှည်သောအသက်တော်၌ ဉယျာဉ်တော်ကို လေးနှစ်တကြိမ် ထွက်ရှုမြဲဖြင့်သတည်း။

ယခုဂေါတမဘုရားမှာ တိုသောအသက်တော်ရှိ၍ ဥယျာဉ်တော်ကို လေးလတကြိမ်ထွက်မြဲဖြစ်၍ ဥယျာဉ်တော်ကို ထွက်တော်မူသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်လေးပါးကိုမြင်၍ ထိတ်လန့်ခြင်း သံဝေဂဖြစ်သဖြင့်တော ထွက်တော်မူ၍ အနော်မာသောင်စပ်၌ သန်လျက်နှင့်ဆံတော်ကို ဖြတ်ပြီးလျှင် ဃဋိကာရ ဗြဟ္မာမင်းသည် ကပ်လှူအပ်သောရွှေကြာဝါသင်္ကန်းကို ဝတ်ရုံတော်မူ၍ ဒုက္ကရစရိယာခြောက်နှစ်ကျင့်တော်မူပြီး၍၊သူဌေးသမီးလှူအပ်သော နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွအလှူခံတော်မူပြီးလျှင် နေရဥ္ဇရာမြစ်နား၌လေးဆယ့်ကိုးလုပ် ဘုဉ်းပေးတော်မူပြီးလျှင် ရေသုံးသပ်တော် မူသောအခါ၊ ငါသည် ဘုရားစင်စစ်ကေန်ဖြစ်မှာဖြင့် ၎င်းရွှေခွက်သည်ရေညာ ထက်သို့ ဝမ်းဘဲကဲ့သို့ ဆန်တက်စေသတည်းဟု သစ္စာဓိဋ္ဌာန်၍ မျှောတော်မူသောအခါ....

ရေညာသို့ဆန်တက်၍ တကမ္ဘာလုံးအိပ်သော ကာဠနဂါးမင်းကြီးသည် ရွှေခွက်ခြင်းခပ်သံကြောင့် အိပ်ရာမှနိုး၍....

တယ်ပြီး လူ့ပြည်မှာ ဘုရားပွင့်ပါဘကားဟု မြည်တမ်းကာ ပြောလေ၏။

ဘုရားအလောင်းတော်သည် ဗောဓိမဏ္ဍိုင်ရှိရာသို့ အစဉ်အတိုင်း ကြွတော်မူ၍ လမ်းခရီးအကြား၌ သုဒ္ဓိယမောင်စင်သည် ဘုရားအလောင်းတော်မြတ်ကို မြင်လျှင် သဒ္ဓါ ကြည်ညိုလှ၍ မြက်ရှစ်ဆုပ်ကို ဘုရားအလောင်းတော်အား လှူဒါန်းလေ၏။

ဘုရားအလောင်းတော်သည် မြက်ရှစ်ဆုပ်ကို အလှူခံ၍မဟာဗောဓိပင်သို့ကြွတော်မူ၏။

မဟာဗောဓိပင်သို့ ရောက်လျှင် သုဒ္ဓိယမောင်စင် လှူအပ်သော မြက်ရှစ်ဆုပ်ကို အဖျားကကိုင်ကာ ငါသည်ဘုရားစင်စစ် ဧကန် ဖြစ်မည်မှန်လျှင် အပရာဇိတပလ္လင် ပေါ်ပေါက်ပါစေသတည်း’ဟု သစ္စာအဓိဋ္ဌာန်ပြု၍ ကြဲဖြန့်လိုက်လျှင် ရတနာဆယ်ပါးဖြင့်ပြီးသော အပရာဇိတပလ္လင် ပေါ်ပေါက်၍လာ၏၊

ဘုရားအလောင်းသည် အပရာဇိတပလ္လင်ပေါ်တက်၍ မဟာဗောဓိပင်စည်ကို နောက်မှီတံကဲပြုတော်မူကာ အရှေ့သို့ မျက်နှာတော်လှည့်၍ ထက်ဝယ်ဖွဲ့ခွေ ဘင်းသုံး ခံနေတော်မူ၍ ‘ဤနေရာကဘုရားမဖြစ်သမျှ ငါမထပြီ’ဟုသစ္စာအဓိဋ္ဌာန်ပြုတော်မူ၍ အဝိဇ္ဇာပစ္စယာသင်္ခါရာ အစရှိသော ပဋိစ္စသမုပ္ပါဒ် တရားမြတ်ကို အနုလုံပဋိလုံအားဖြင့် အပြန်အလှန် သုံးသပ်ဆင်ခြင်တော်မူ၍ နေတော်မူသောအခါ ရွှေအဆင်းကဲ့သို့ ထိန်ဝင်းသော အလောင်းတော်၏ သင်္ကန်း၌ကြွေကျသော ဗောဓိရွက်တို့သည် ရွှေပြား၌ကပ်အပ်သော သန္တာသဖွယ် လွန်စွာတင့်တယ်ကုန်၏။

ထိုအခါနတ်ရွာသော်နှင်းသိကြားမင်းသည်အရှေ့မြောက်က နေ၍ အတောင် တရာ့နှစ်ဆယ် ရှည်သွယ်သော ဝိဇယုတ္တရ ခရုသင်းကိုမှုတ်ကာ ရပ်တည်လာ၏။

အရှေ့တောင်ကနေ၍ ပဉ္စသိခနတ်သားသည် သုံးဂါဝုတ် ရှည်သော ဗေဠုဝ စောင်းကြီးကိုတီး၍ အနီးတွင်နေလေ၏၊

အနောက်တောင်အရပ်က သုယာမနတ်သားသည် သားမြီး ယပ်ကို ကိုင်ကာရိုသေစွာနေ၏။

အနောက် မြောက်ထောင့်က သန္တုသိတ နတ်သားသည် ပတ္တမြားထီးကိုဆောင်းလျက် ခံညောင်းကာနေ၏။

သဟမ္ပတိဗြဟ္မာကြီးမှာ သုံးယူဇနာရှိသော ထီးဖြူတော်ကြီးကို လျှူဒါန်းလျက်နေ၏။

ကာလနဂါးမင်းသည် ချီးမွမ်းခြင်း အဖုံဖုံ ထုတိမင်္ဂလာ မျိုးစုံတို့ဖြင့် ဩဘာပေးလေ၏။

စကြဝဠာ တသောင်း၌ ခိုအောင်းကျက်စားသော နတ်အများတို့သည် ပန်းနံ့သာ အခိုးအထုံတို့ဖြင့် အမျိုးစုံပူဇော်ကြပြီးလျှင် ဗောဓိပင်ခြေ ပလ္လင်ဗွေ၌၊ ထိုင်နေရှင်ပုံး၊ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် နတ်ဗြဟ္မာအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ဗောဓိပင်အောက် အပရာဇိတပလ္လင်ထက်၌ ထက်ငယ်ဖွဲ့ခွေလျက် ပထမသတ္တာဟတည်းဟူသော ခုနစ်ရက်ကို ကုန်လွန်စေသည်။

ဤသို့ မြတ်စွာဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်၌ထက်ငယ်ဖွဲ့ခွေစံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား အာရုံနိမိတ်စွဲလောက်အောင် ဉာဏ်မျက်စိဖြင့် စူးစိုက်ကာ ကြည့်ရှု၍ မထင်မြင် ထင်မြင်အောင် သေသေချာချာ ကြည့်ရှုအာရုံပြု၍ (သောဘဂ၀ါ ဣတိပိ အရဟံ) ဟူသော ပထမဂုဏ်တော်ကို သောဘဂ၀ါ ဣတိပိ အရဟံ၊သောဘဂ၀ါ ဣတိပိအရဟံ ဟူ၍ တနေ့လျှင် ပုတီးနှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက်တိုင်တိုင် အားထုတ်ရမည်။

ကိုးရက်အတွင်း၌ အာရုံနိမိတ်ပေါ်ရာသော အကြောင်းဖြစ်သော မိမိ၏မျက်စိတွင် ဝိုးဝိုးဝင်းဝင်းဖြစ်ခြင်း၊ ရောင်ခြည်

တော်ခြောက်ပါးအနက် တပါးပါးတိုး၍လာခြင်း စသည်တို့ တစုံတရာဖြစ်ပေါ်လာလျှင် ထိုဂုဏ်တော်ပင် အမြဲဆက်၍ အာရုံနိမိတ် ကောင်းစွာရသည့်တိုင်အောင် အားထုတ်ရာသည်။ ဤကဲ့သို့ ပထမဂုဏ်တော်၏အာရုံနိမိတ် ကိုးရက်အတွင်း၌မပေါ်ခဲ့ပါလျှင် ဒုတိယဂုဏ်တော်ပြောင်း၍ အာရုံပြုရမည်။

## ၂။ သောဘဂ္ဂဝါ ဠတိပိ သမ္မာသမ္ဗုဒ္ဓေါ

ဗောဓိပင်၏အရှေ့မြောက်ထောင့်လံကွာ အနိမိသကုန်းပေါ်သက်နီးတော်ရှုလျက် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ရပ်တော်မူကာ ဗောဓိပင်နှင့် အပရာဇိတပလ္လင်ကိုကြည့်လျက် ဗောဓိပင်နှင့်ပလ္လင်တော်သည် ငါ၏ဘုန်းကံပါရမီကြောင့် ပေါ်ပေါက်၍လာသောဗောဓိပင်၊အပရာဇိတပလ္လင်တော်ပါတကားဟု မမှိတ်သောမျက်စိဖြင့် စိမ့်စိမ့်ကြည့်လျက် ရပ်တော်မူကာစံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံစိတ်စွဲစေလျက်(သောဘဂ္ဂဝါ ဠတိပိ သမ္မာ သမ္ဗုဒ္ဓေါ)ဟူသော ဂုဏ်တော်ကို အထက်ပါနည်းအရ တနေ့လျှင် ပုတီးနှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက်တိုင်တိုင်အားထုတ်ရမည်။

ကိုးရက်အတွင်း၌ အာရုံနိမိတ်ပေါ်ရသော အကြောင်းဖြစ်သော ဘုရားကိုယ်တော်မြတ်ကြီးမှ နေရောင်၊လရောင်၊ ကြယ်တာရာအရောင် တဖိတ်ဖိတ် ဝင်းပြောင်လျက် အံ့ဩဖွယ်အဆန်း၊ထကြွယ် ဖြစ်ပေါ်ပေါက်လျှင်၊ထိုဂုဏ်တော်ပင် ဆက်၍ အာရုံနိမိတ်ကောင်းစွာရသည့်တိုင်အောင် အားထုတ်ရာ၏။

ဤသို့ အာရုံနိမိတ်ကိုးချက်အတွင်း၌ မပေါ်ခဲ့လျှင် တတိယ ဂုဏ်တော်ပြောင်း၍ အာရုံပြုလေ။

## ၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော

ရှင်တော်မြတ်ဘုရားသည် ငါသည် ဤဗောဓိရပ်ခွင်ရွှေပလ္လင် ဝယ် လေးအင်္ဂါသောသစ္စာကိုသိ၍ သဗ္ဗညုတဉာဏ်ကို ရရှိပေ သည်တကားဟု မမှိတ်သောမျက်လုံးဖြင့် ကြည့်ရှုတော်မူသော အခါ များစွာသောနတ်အပေါင်းတို့က အလောင်းတော်သည် စံပျော်ဖူးသည့် ရွှေပလ္လင်ကိုမှ ခင်မင်တောင့်တခြင်း မပြတ် ထပ် ၍ပြုအပ်သော မင်္ဂလာကိစ္စရှိချေသေးသည်တကားဟု ယုံမှားသော အကြံဖြင့် အတန်တန်ပြောဆိုကြကုန်၏။

ထိုနတ်တို့၏ အကြံ မှုမမှန်သော သံသယကိုပယ်ဖျောက်ခြင်း ငှာ တယူဇနာမျှလောက်သော အထက်ကောင်းကင်ပြင်သို့လျှင် မြန်စွာပျံတက်၍ အလျှံတလက်လက်ဖြစ်သော ရေအစုံထွက် စေခြင်း တန်ခိုးပြာဋိဟာကို ကောင်းစွာပြတော်မူလေ၏။

ရှင်တော်မြတ်ဘုရားသည် များစွာသောနတ်အပေါင်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်ခြင်းငှာ၊ အာကာဝေဟင် ကောင်းကင် ဘုံ၌ အစုံအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်မှသက်ဆင်းတော်မူ၍ ဗောဓိပင်နှင့် အပရာဇိတ ပလ္လင်တော်၏ မြောက်ဘက် တဆယ့်ငါးလံကွာသော ဌာနတွင် အရှေ့မှအနောက်သို့ အဘောင်ခြောက်ဆယ် ရှည်လျားသော

ရတနာအတိပြီးသော ရဘာနာစကြံကြီးကို ဖန်ဆင်းတော်မူကာ....

ထိုရဘာနာစကြံကြီးဝယ် ဉာဏ်တော် ဆယ့်ရှစ်တောင်ရှိသော မြတ်စွာဘုရားကိုယ်တော်မြတ်သည် သက်န်းတော် ဝတ်ရုံတော်မူလျက် အရှေ့နှင့်အနောက် လူးလာတုံ့ခေါက် စကြံကြွလှမ်း၍ ဖြန့်မြန်းစမ္ပာယ်ခြင်းဖြင့် စံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ် စွဲမြဲစွာထား၍ (သောဘဂ္ဂ ၀ါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော)ဟူသောဂုဏ်တော်ကို အထက်ပါနည်းအရ တနေ့လျှင် ပုတီးနှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက်တိုင်တိုင် အားထုတ်ရမည်။

ဤကဲ့သို့ အာရုံနိမိတ်မမြင်ခဲ့သော် စတုတ္ထဂုဏ်တော်ပြောင်း၍အာရုံပြုလေ။

## ၄။ သောဘဂ္ဂ ၀ါ ဣတိပိ သုဂတော

မဟာဗောဓိပင်မှ အနောက်မြောက် အတောင်လေးဆယ်အကွာတွင် နတ်များစွာတို့ စီမံဖန်ဆင်းအပ်သော ရတနာခုနစ်ပါးအတိပြီး၍ တညီးညီးထိန်ပြောင်လှစွာသော ရဘာနာကျောင်းဆောင်တော်၌ တောင်ဘက်သို့မျက်နှာရှေ့ရှုမူကာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် သက်န်းတော် လက်ကတော့ဆိုးကစထက်ဝယ် ဖွဲခွေသီဘင်းသုံး စံနေတော်မူလျက်....

အဘိဓမ္မာခုနစ်ကျမ်းဘို့တွင် ပထမအစဓမ္မသင်္ဂဏီ ကျမ်း၊ဝိဘင်းကျမ်း၊ဓာတုကထာ၊ပုဂ္ဂလပညတ်၊ကထာဝတ္ထု၊ယမိုက်ကျမ်းတို့ကို

ဆုံးခန်းသို့ရောက်အောင် သုံးသပ်ဆင်ခြင်ပါသော်လည်း၊ ရွှေဥာဏ်တော်နှင့် မလိုက်ပဲရှိနေသောကြောင့် ရောင်ခြည်တော် မထွက်လာသဖြင့် ဆက်ခါဆက်ခါသုံးသပ်တော်မူသောအခါ....

မဟာပဋ္ဌာနဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်သောအခါမှသာ လျှင်လူးသွာလွင့်သော ရွှေဥာဏ်တော် ချိန်ကိုက်လာသဖြင့် တိမ်တိုက်လွှာမှထွက်သော နေဝန်းကြီးသဖွယ် ခြောက်သွယ်သော ရောင်ခြည်တော် အညွန့်အဖူးတို့သည် ကိုယ်တော်မှ ကွန့်မြူး၍ အထူးတလဲ့ လွှတ်ထွက်တော်မူကြကုန်သည်။

ယင်းသို့လျှင် မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်စုံ တန်ခိုးဂုဏ်ဖြင့် ရတနာ့ရွှေအိမ်အတွင်း သီတင်းသုံးစံနေတော်မူသည်ကို အာရုံနိမိတ်စွဲစေလျက်(သောဘဂ၀ါ ဣတိပိ သုဂတော) ဟူသော ဂုဏ်တော်ကို အထက်ပါနည်းအရ တနေ့လျှင် ပုတီး နှစ်ဆယ့်ခုနစ်ပတ်ကျ၊ကိုးရက်တိုင်တိုင် အားထုတ်ရမည်။

ဤကဲ့သို့ အာရုံနိမိတ်မမြင်ခဲ့သော် ပဥ္စမဂုဏ်တော်ပြောင်း၍ အာရုံပြုလေ။

## ၅။ သောဘဂ၀ါ ဣတိပိ လောကဝိဒူ

ရတနာဃရမည်သော ရွှေကျောင်း၌ ကိန်းအောင်းရှင်ပြုံး သီတင်းသုံးတော်မူပြီး၍ ဗေဒိပင်မှ အရှေ့စူးစူး သုံးဆယ့် နှစ်လံကွာသော အရပ်၌ရှိသော အဇပါလညောင်ပင်သို့ ခိုဝင် ချဉ်းကပ်တော်မူလေ၏။

ယင်းသို့လျှင် အဇပါလဆိတ်ကျောင်း ညောင်ပင်ရင်း၌

လည်း ခုနစ်ရက်ပတ်လုံး ရှင်ပြုံးဖွယ်သော ဝိမုတ္တိချမ်းသာကို ခံစားကာနေတော်မူ၏၊

အမျိုးမာန်ဝင့်၍ အလွန်လျှင်တက်ကြွသဖြင့် ဟုံဟုံ က မည်သောပုဏ္ဏားသည် ဘုရားထံမှောက်ကို ကပ်ရောက်လာ၍ မြတ်စွာဘုရားနှင့် စကားဆွေးနွေး တရားရေးတို့ကို ပြောဆိုပြီးလျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ဆိတ်ကျောင်းသားတို့၏ ခိုနားရာ အဇပါလညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်စွဲလောက်အောင် ဥာဏ်မျက်စိဖြင့် ပြုံးပြုံးကြည့်ကာ (သောဘဂဝါ ဣတိပိ လောကဝိဒူ)ဟူသော ဂုဏ်တော်ကို အသက်ပါနည်းအရ တနေ့လျှင် ပုတီးနှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက် တိုင်တိုင် အားထုတ်ရမည်။

ဤကဲ့သို့အာရုံနိမိတ်မမြင်ခဲ့သော် ဆဋ္ဌမဂုဏ်တော်ပြောင်း၍ အာရုံပြုလေ။

## ၆။ သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ

ဗောဓိပင်၏ အရှေ့တောင်မျက်နှာ အလံငါးဆယ် ကွာသောအရပ်၌ မုစလိန္ဒာမည်သော ရေအိုင်၏အနီး ကျည်းပင်ကြီး အရပ်၌ သီတင်းသုံးတော်မူလေ၏။

ထိုသို့သီတင်းသုံးတော်မူခိုက် စကြာဝဠာတိုက်အလုံး ပြန့်နှံ့သောအခါမဲ့မိုးကြီး သည်းထန်စွာရွာသွန်းလေလျှင် မုစလိန္ဒာမည်သော နဂါးမင်းသည် မိမိဘုံဗိမာန်အတွင်းမှ ထွက်ကာ

မြတ်စွာဘုရားအား ဖြုတ်၊ခြင်၊ယင်ရဲ၊စသည်တို့မထိပါး မကိုက်ထိုးစေခြင်းငှာရင်း၊ လေကြမ်းမိုးဖွဲတို့ မညှဉ်းဆဲစေခြင်းငှာရင်း မိမိကိုယ်ကို အရင်းထူ၍ ကျောင်းအလှူကိုလှူခြင်းငှာ ကြီးစွာသောကိုယ်ကိုဖန်ဆင်း၍ တပိုင်းတခွေကို ပလ္လင်အနေခင်းပြီးသော် ဘုရားကိုယ်တော်ကို ခုနစ်ပတ်ရစ်ပတ်ရံလျက် ဦးခေါင်းတော်ထက်၌ ပါးပျဉ်းဖြင့်အုပ်မိုး၍ မိုးမစွတ်ရအောင်ပြုလေ၏။

မြတ်စွာဘုရားသည်လည်း မုစ္ဆလိန္ဒာနဂါးမင်း၏အခွေအတွင်း သီတင်းသုံးတော်မူကာ ဖလသမာပတ်ကို ဝင်စား၍နေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်ယူလျက် ထင်မြင်အောင်ကြည့်ကာ (သောဘဂ္ဂါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ)ဟူသောဂုဏ်တော်ကို အထက်ပါနည်းအရ တနေ့လျှင် ပုတီးနှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက်တိုင်တိုင် အားထုတ်ရမည်။

ဤကဲ့သို့အာရုံနိမိတ်မမြင်ခဲ့သော် သတ္တမဂုဏ်တော်ပြောင်း၍ အာရုံပြုလေ။

## ၇။ သောဘဂ္ဂါ ဣတိပိ သတ္ထာဒေဝမနုဿာနံ

မဟာဗောဓိပင်၏ တောင်မျက်နှာ တဆယ့်တလံကွာသော လင်းလွန်းပင်ရင်းသို့ ရွှေ့ပြောင်းကာ သီတင်းသုံးတော်မူလေ၏။

ထိုရာဇာရတနမည်သော လင်းလွန်းပင်ရင်း၌ ဖလသမာပတ်ကို ဝင်စား၍နေတော်မူရာ၊ ခုနစ်ရက်ကြာလေလျှင်၊ ဘုရားရှင်ကိုယ်တော်မြတ်သည် မျက်နှာသစ်တော်မူလိုသော အကြံတော်

ဖြစ်လတ်သော်၊နတ်တို့သေဌ်နှင်း သိကြားမင်းသည် တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏ အကြံတော်ကိုသိ၍၊ကြွေ့သီး၊ ကွမ်းရိုး ဒန်ပူနှင့် အနဝတတ်ရေများကို ဝပ်တွားကြည်ဖြူစွာ ကပ်လှူလှာသဖြင့်၊ ကောင်းစွာဘုဉ်းပေး သုံးဆောင်တော်မူလေ၏၊

ရာမည တိုင်း ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင် နှစ်ဦးတို့သည်၊ ကုန်သွယ်ခြင်းအလို့ငှာ လှည်းပေါင်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ဂုင်းညီနောင်တို့နှင့်ဆွေမျိုးမကင်း၊သားချင်းတော်ခဲ့ဖူးသော နတ်သားသည်၊တဖုဿနှင့် ဘလ္လိက ညီနောင်နှစ်ဦးတို့အား လင်းလွန်းပင်၌ မြတ်စွာဘုရား ထင်ရှားပွင့်နေကြောင်းကို ခရီးလမ်းညွှန်ကြားသဖြင့် မြတ်စွာဘုရား ထံတော်ပါးသို့ ချဉ်းကပ်ကြပြီးလျှင်။

"လောကအထွဋ်၊တမွတ်ခေါင်ဖျားအရှင်မြတ်ဘုရား-တပည့်တော်တို့အား၊ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး၊မဆုံးနိုင်သော အကျိုးစီးပွား များပြားစိမ့်သောငှာ၊ ဤယခုယူဆောင်လာသော ပျားမုန့်ဆုပ်တို့ကို ကရုဏာထက်သန်စွာ အလှူခံတော်မူပါဘုရား" ဟု ဆက်ကပ်လှူဒါန်းကြလေ၏၊

ယင်းသို့ကုန်သည်ညီနောင်တို့သည်၊မုန့်များကိုဆက်ကပ်လှူလှာသောအခါ၊ရဟန်းပုံစက ဃဋီကာရ ဗြဟ္မာမင်း ကပ်လှူအပ်သော သပိတ်တော်သည် ဘုရားဖြစ်အံ့သော ကဆုန်လပြည့်နေ့တွင် ကွယ်ပျောက်လေပြီ။

မုန့်များကိုထည့်ရာ၊ အလှူခံစရာ သပိတ်တော်မရှိ ဖြစ်

လေရကား၊ ရှေးရှေးသောဘုရားရှင်တို့သည် ဘောဇဉ်အာဟာရကို လက်တို့ဖြင့်မခံယူကုန်၊ အဘယ်ဝတ္ထုဖြင့် ခံယူပါသနည်းဟု အကြံတော်ဖြစ်လေ၏။

စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် မြတ်စွာဘုရား၏အကြံတော်ကို အမှန်အတိုင်းသိကုန်၍၊ ပဲနောက်အဆင်းရှိသော ကျောက်ညိုသပိတ် လေးလုံးတို့ကို ကိုယ်စီကိုယ်ငှ လှူဒါန်းကြလေ၏။

ကျောက်ညိုသပိတ်လေးလုံးကို ရှင်ပြုံးစွာအလှူခံတော်မူ၍ လေးယောက်သောနတ်သားတို့၏ သဒ္ဓါတရားကို မပျက်ပြားစေခြင်းငှာ၊ စောင့်စည်းတော်မူလိုသော မြတ်စွာဘုရားသည် သပိတ်လေးလုံးကို လက်ပေါ်သို့ဆင့်တင်ကာ အဓိဋ္ဌာန်ပြု၍ ဖိနှိပ်တော်မူလိုက်လေလျှင် အနားရစ်လေးဆင့်ဖြင့်သပိတ်တလုံးတည်းသာဖြစ်သွားလေ၏။

ရှင်းသပိတ်တော်ဖြင့် မုန့်များကိုအလှူခံကာ၊ ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍တဖုဿ၊ ဘလ္လိကညီနောင်တို့အားသာသနာ ၅၀၀၀ ကုန်အောင်ကိုးကွယ်သေလော့ဟု ဆံတော်ခေတ်များကို မြတ်စွာဘုရားကိုယ်တော်တိုင် ဦးခေါင်းတော်၌ လက်ဖြင့်သုံးသပ်တော်မူ၍ ပေးသနားတော်မူလိုက်၏။

ဤကဲ့သို့ တဖုဿ၊ ဘလ္လိကတို့ လှူဒါန်းသောပျားမုန့်တို့ကို ဘုဉ်းပေးသုံးဆောင်လျက် ရာဇာရတန လင်းလွန်းပင်ရင်း၌စံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်ယူလျက်ထင်မြင်အောင် ဉာဏ်ဖြင့်ကြည့်ရှုကာ (သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ)ဟူသော ဂုဏ်တော်ကို အထက်

ပါနည်းအရ တနေ့လျှင် ပုတီးနှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက် တိုင်တိုင် အားထုတ်ရမည်။

ဤကဲ့သို့ အာရုံနိမိတ်မမြင်ခဲ့သော် အဌမဂုဏ်တော်ပြောင်း၍ အာရုံပြုလေ။

## ၈။ လောကဝိဒူ ဂုဏ်တော်

လင်းလွန်းပင်ရင်း၌ သိတင်းသုံးတော်မူပြီးသော် အဇပါလ ညောင်ပင်ရင်းသို့ တပန်ရွှေ့ပြောင်းတော်မူပြန်၍ ဝိမုတ္တိချမ်း သာကို ခံစားတော်မူကာ သိတင်းသုံးတော်မူပြန်သတည်း။

ထိုအဇပါလညောင်ပင်ရင်း၌ သိတင်းသုံးတော်မူစဉ် ဘုရား ရှင်အားဤသို့သောအကြံတော်ဖြစ်လတ်၏။ ငါဘုရားဟောတော် မူသောတရားတော်ကို သိနိုင် မြင်နိုင် ကျွတ်ထိုက်သောသတ္တဝါ သည် အဘယ်မျှရှိသနည်းဟု သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့် ရှုတော်မူရာ ငါဘုရား၏ တရားတော်သည် အလွန်နူးညံ့သိမ်မွေ့ နက်နဲခက်ခဲခြင်းရှိသည်ဖြစ်၍ သိနိုင် မြင်နိုင် ကျွတ်ထိုက်သော သတ္တဝါက နည်းပါး၍၊ သိနိုင် မြင်နိုင် ကျွတ်ထိုက်သော သတ္တဝါသည် လက်သီးဖျားပေါ်၌တင်ရှိသော မြေမှုန့်မျှသာ ရှိ၏၊ မသိနိုင်မမြင်နိုင်မကျွတ်ထိုက်သော သတ္တဝါသည်ကား နှစ် သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးလောက် များ၏။

ငါဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌၊ သုမေ ဓာ ရသေ့ဖြစ်စဉ်က နိဗ္ဗာန်ကိုယူပါလျှင် ရပါလျက်နှင့် ငါ

တယောက်တည်း နိဗ္ဗာန်ကိုကူးယူသော် အဘယ်အကျိုးရှိအံ့နည်းဟု လက်တော်သို့ရောက်ပြီးသောနိဗ္ဗာန်ကိုစွန့်လျက်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကိုဖြည့်၍ ယခု ဘုရားအဖြစ်သို့ရောက်တော်မူလျှင် ငါဘုရားဟောသောတရားတော်၌ သိနိုင်မြင်နိုင် ကျွတ်ထိုက်သော သတ္တဝါ နည်းပါးခြင်းကြောင့် ငါတရားမဟောလိုပြီဟု စိတ်အကြံတော်ဖြစ်လျှင် မြတ်စွာဘုရား၏အကြံတော်ကို သဟမ္ပတိဗြဟ္မာမင်းကြီး သိ၍၊ အိုနတ်ဗြဟ္မာအပေါင်းတို့ မြတ်စွာဘုရားတရားမဟောခဲ့ပါလျှင် လောကကြီးသည် ပျက်စီးတော့မည်ဟု ကြွေးကြော်၍ နတ်ဗြဟ္မာအပေါင်းတို့နှင့်တကွမြင့်မိုရ်တောင်လုံးမျှမကကြီးသော ရွှေပန်းဆိုင်း ပန်းကုံးတို့ကို ယူ၍ မြတ်စွာဘုရားအား ပူဇော်ကန်တော့ပြီးလျှင်....

အရှင်ဘုရား လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကိုဖြည့်၍ ယခုဘုရားအဖြစ်သို့ရောက်ပါပြီ၊ အရှင်ဘုရားဟောသောတရားတော်၌ သိနိုင် မြင်နိုင် ကျွတ်ထိုက်သောသတ္တဝါပင် နည်းငြားသော်လည်း၊ အရှင်ဘုရား တရားရေအေး အမြိုက်ဆေးကိုတိုက်ကျွေး၍ နိဗ္ဗာန်သောင်ကမ်းသို့ ရောက်အောင် ကယ်မဟောချွတ်တော်မူပါဘုရားဟု သဟမ္ပတိဗြဟ္မာမင်းကြီးက တရားတော်ကို တောင်းပန်သောအခါ မြတ်စွာဘုရားသည် တုဏှိဘာဝေဆိတ်ဆိတ်နေတော်မူ၍ ဝန်ခံတော်မူ၏။

ဤကဲ့သို့ ဆိတ်ကျောင်း ညောင်ပင်ရင်း၌ သဟမ္ပတိဗြဟ္မာမင်းကြီးက တရားဟောရန်တောင်းပန်လျှက်ထက်ဝယ်ဖွဲ့ခွေစံနေတော်မူသောမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်

ယူလျက် (သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ)ဟူသော ဂုဏ်ဘော်ကို ဖ ထက်ပါနည်းအရ တနေ့လျှင်ပုတီး နှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက်တိုင်တိုင် အားထုတ်ရမည်။

ဤကဲ့သို့အာရုံနိမိတ်မမြင်ခဲ့သော် နဝမဂုဏ်တော် ပြောင်း၍ အာရုံပြုလေ။

## ၉။ သောဘဂဝါ ဣတိပိ ဘဂဝါ

မြတ်စွာဘုရားသခင်သည် သဟမ္ပတိဗြဟ္မာမင်း တောင်းပန်၍ တရားဟောမည်ဟု အာဠာရယရသေ့နေရာသို့ ကြွသွားရာ၊ ဘုမ္မစိုး နတ် စသော နတ်တို့က အရှင်ဘုရား အာဠာရယရသေ့သေလွန်၍ ယနေ့ ၇ ရက်ရှိပါပြီဟု လျှောက်ထားပြောကြားလျှင်၊ "ဩော် အာဠာရယရသေ့သည် ငါဘုရားတရားတော်ကို မနာရ၊ ရှုံးခြင်း ကြီးမစွာ ရှုံးလေစွ"ဟု ရင်ဘော်ကို မလျက်ပြု၏။

ထို့နောက် ဥဒကရသေ့ကို တရားဟောမည်ဟုသွားပြန်ရာ ထိုနည်းအတူ နတ်များက ဥဒကရသေ့ ယနေ့ သန်းခေါင်ယံ တွင် သေလေပြီဟု အသံအားဖြင့်လျှောက်ထားပြန်လျှင်"ဩော် ဥဒကရသေ့လည်း ငါဘုရား၏တရားကိုမနာရ၊ရှုံးခြင်းကြီးရှုံး ပြန်၏"ဟု ညိုးငယ်စွာသောမျက်နှာတော်ဖြင့်၊

ထို့နောက်မှ ဘယ်သူ့ကို တရားဦးဟောရမည်နည်းဟု ဉာဏ် တော်ဖြင့် ကြည့်ရှုသောအခါ၊ ဗာရာဏသီပြည် သတ္တဝါတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်ဘော၌ ငါဘုရား၏အလုပ်

အကျွေးဖြစ်သော ပဉ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူ၍၊ မိဂဒါဝုန်တောသို့ ကြွသွားရာ မြတ်စွာဘုရားသည် အစဉ်အတိုင်း ကြွသွားတော်မူ၍ မိဂဒါဝုန်တောသို့ရောက်လျှင် ပဉ္စဝဂ္ဂီငါးဦးတို့သည် ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းတို့ကို လှမ်းလင့်၍နေရာခင်းကျင်းလျက်နေ၏။

မြတ်စွာဘုရားသည် ထိုခင်းထားအပ်သော နေရာတော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူ၍ ပဉ္စဝဂ္ဂီငါးဦးတို့ကို အကျွတ်တရား ရစေခြင်းငှာ ဓမ္မစကြာ တရားတော်ကို ဟောတော်မူ၏။

ထိုဓမ္မစကြာတရား ဟောတော်မူသော အဆုံး၌ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ ပဉ္စဝဂ္ဂီ ငါးဦးတို့သည် အကျွတ်တရားကိုရ၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ဤကဲ့သို့ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့ ဓမ္မစကြာတရားကို ဟောတော်မူလျက် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ် ယူလျက် (သောဘဂဝါ ဣတိပိ ဘဂဝါ)ဟူသော ဂုဏ်တော်ကို တနေ့လျှင် ပုတီးနှစ်ဆယ့်ခုနစ်ပတ်ကျ ကိုးရက်တိုင်တိုင်အထက်ပါနည်းအရ အားထုတ်ပွားများရမည်။

ပုတီးပတ်ရေ နှစ်ဆယ့် ခုနစ်ပတ်ဟုဆိုသော်လည်းလေးဆယ့်ငါးပတ်၊ ရှစ်ဆယ့်တပတ်၊ တရာ့ရှစ်ပတ်မှစ၍ များလေသမာဓိရလေ၊ သမာဓိရမှ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်ရမည်။

ဤသို့အားထုတ်ပါမူ မိမိတို့ဘဝဘဝက ပါရမီအထုံဖြင့် ကြုံကြိုက်သောဌာနဌ် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်သည် ထင်ရှားပေါ်ပေါက်လာပေလိမ့်မည်။

ပါရမီချို့တဲ့၍ ကိုးဌာနစေ့ပြားသော်လည်း တပါးပါး၌ အာရုံနိမိတ်မရရှိပါလျှင်တဖန်ပြန်လည်၍ ဗောဓိပင်၊ အပရာဇိတပလ္လင်၊ သောဘဂဝါ ဣတိပိ အရဟံဂုဏ်တော်ကစ၍ ဘဂဝါဂုဏ်တော်ရောက်အောင် အပြန်ပြန်၊ အလှန်လှန်၊ အထပ်ထပ် အားထုတ်ကြပါလေ။

ပါရမီအဟုန်အထူးနှုန့်နှဲ့၍ အာရုံနိမိတ်ကိုမရရှိစေကာမူရှေး၌ ဖော်ပြခဲ့ပြီးသော လောကီအကျိုး၊ လောကုတ္တရာ အကျိုးမှာမူ မုချဆတ်ဆတ် ခံစားရမည်ဖြစ်သောကြောင့်၊ ယုံယုံကြည်ကြည် ယောနိသော မနသိကာရဖြင့် မမေ့ မလျော့ အားထုတ်ကြပါကုန်လော။ ။

# ကိုးဌာနဂုဏ်တော်ပုတီးစိပ်နည်း

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ ၇ ရက် သီတင်းသုံးတော်မူပုံကိုအာရုံပြု၍....

(သောဘဂဝါ ဣတိပိ အရဟံ)။

၂။ ဗောဓိမဏ္ဍိုင်မှ အရှေ့မြောက်အရပ် အနိမိသကုန်းတော်မှ မမှိတ်သောမျက်စိဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်ရှုတော်မူလျက် ၇ ရက် သီတင်းသုံးတော်မူပုံကို အာရုံပြုလျက်....

(သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ)။

၃။ ဗောဓိမဏ္ဍိုင်နှင့် အနိမိသကုန်းတော်အကြား နတ်အများ ဖန်ဆင်းသော ရတနာစင်္ကြံ၌ အရှေ့ အနောက် စင်္ကြံလျှောက်၍ ၇ ရက်ပတ်လုံး သီတင်းသုံးတော်မူပုံကို အာရုံပြုလျက်....

(သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော)။

၄။ ဗောဓိမဏ္ဍိုင်မှ အနောက်မြောက် အရပ် ရတနာဃရ ရွှေအိမ်၌ အဘိဓမ္မာ ၇ ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူ၍ ခြောက်ပါးသော ရောင်ခြည်တော်တို့ဖြင့် အံ့သြမကုန် ကျက်သရေတော် အစုံတို့နှင့် ၇ ရက်ပတ်လုံး သီတင်းသုံး နေတော်မူပုံကို အာရုံပြုလျက်....

(သော ဘဂဝါ ဣတိပိ သုဂတော)။

၅။ ဗောဓိမဏ္ဍိုင်မှအရှေ့ အရပ် အဇပါလ ညောင်ပင်ရင်း၌ ဟုံဟုံက ပုဏ္ဏား၏ ပုစ္ဆာပြဿနာကို ဖြေကြားတော်မူ လျက်၊ ၇ ရက်ပတ်လုံး သီတင်းသုံးနေတော်မူပုံကို အာရုံပြု လျက်....

(သော ဘဂဝါ ဣတိပိ လောကဝိဒူ)။

၆။ ဗောဓိမဏ္ဍိုင်မှ အရှေ့တောင်အရပ် မုစ္စလိန္ဒာအိုင်၏အနီး မန်ကျည်းပင်ရင်းဝယ် မုစ္စလိန္ဒာနဂါးမင်း၏ ပူဇော်ခြင်းကို ခံယူတော်မူလျက် ၇ ရက်ပတ်လုံး သီတင်းသုံးနေတော်မူပုံ ကို အာရုံပြုလျက်....

(သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ)။

၇။ ဗောဓိမဏ္ဍိုင်မှ အနောက်တောင်အရပ် ရာဇာယတန လင်း လွန်းပင်ရင်းဝယ် ၇ ရက်ပတ်လုံး သီတင်းသုံးတော်မူလျက် သိကြားမင်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်၊ တဖုဿ၊ ဘလ္လိက၊ ညီနောင်တို့၏အလှူကို ခံတော်မူပြီးလျှင်

ဒေဝ ါစိက သရဏဂုံ စတင်ဟောကြားတော်မူပုံကို အာရုံပြုလျက်....

(သောဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ)။

၈။ ဒုတိယအကြိမ် အဇပါလညောင်ပင်ရင်းသို့ ပြန်ကြွသီတင်းသုံးတော်မူသောအခါ သဟမ္ပတိ ဗြဟ္မာ မင်းကြီးက ရတနာပန်းကုံးဖြင့် ပူဇော်ပြီးလျှင် သတ္တဝါ အပေါင်းတို့အား တရားဟောကြားတော်မူပါရန် တောင်းပန်လျှောက်ထားပုံကို အာရုံပြုလျက်....

(သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ)။

၉။ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောရှိ ပဥ္စဝဂ္ဂီငါးဦးအားအမှူးထားလျက် စကြဝဠာ တိုက်တသောင်းမှ စုဝေးရောက်လာသော နတ်ဗြဟ္မာ အပေါင်းတို့အား တရားဟောတော်မူပုံကို အာရုံပြုလျက်....

(သောဘဂဝါ ဣတိပိ ဘဂဝါ)။

ဟူ၍အာရုံယူကာ ကိုးဌာနပုတီးစိပ်နည်းကို ပွားများအားထုတ်နိုင်ပေသည်။

# ပရိကံပြုကန့်တော့ခန်းနှင့် မေတ္တာကမ္မဋ္ဌာန်း

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုးဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော ဘုရားတည်းဟူသော ရတနာ။

ထိုဘုရားတည်းဟူသော ရတနာသည် ဟောတော်မူအပ်သော ဓမ္မဟုဆိုအပ်သော အဖြစ်သဘော မမြဲအနိစ္စ။ အပျက်သဘော မမြဲအနိစ္စ၊ ဖြစ်ပျက်၍နေသည်ကား ဒုက္ခ၊ ဖြစ်ပျက်၍နေသည်ကို အစိုးမရသည်ကားအနတ္တ ဤသို့အားဖြင့် လက္ခဏာရေးသုံးပါးတို့ကို ဝိဇ္ဇာဉာဏ်ဖြင့် ထင်ရှားစွာပိုင်းခြား၍သိခြင်း ဒုက္ခသစ္စာတရား။

တဏှာတာဏှာပ်ငြိမှု သမုဒယသစ္စာဟု ဆိုအပ်သော ဒိဋ္ဌိဝိစိကိစ္ဆာသမ္ပယုတ်တရားတို့ကို သောတာပတ္တိမဂ်ဖြင့်ပယ်ခြင်း။ ရာဂ၊ ဒေါသ၊ မောဟတို့ကို သကဒါဂါမိမဂ်ဖြင့် ပယ်ခြင်း။ ကာမရာဂ၊ ဗျာပါဒတို့ကို အနာဂါမိမဂ်ဖြင့် ပယ်ခြင်း။ ရူပရာဂ၊ အရူပရာဂတို့ကို အရဟတ္တမဂ်ဖြင့်ပယ်ရန်သိခြင်း သမုဒယသစ္စာတရား။

ဒုက္ခသမုဒယသစ္စာနှစ်ပါးတို့၏ချုပ်ရာနိရောဓသစ္စာဟု ဆိုအပ်သောတရားကိုယ်အားဖြင့်တပါး။ သဉပါဒိသေသ၊ အနုပါဒိသေသ အားဖြင့်နှစ်ပါး၊ သုညတအနိမိတ္တအပ္ပဏိဟိတအားဖြင့် ၃ ပါး အပြားရှိသော နိရောဓသစ္စာတရား။

ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟု ဆိုအပ်သောမဂ္ဂင် ရှစ်ပါး ပွားစေအပ်သော မဂ္ဂသစ္စာတရား။

ဤသို့အားဖြင့် မဂ်၄လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်ဘည်းဟူသော ရတနာ။

ထိုမြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်တော်မူကြကုန်သော မဂ္ဂဌာန်ဖလဋ္ဌာန် ရှစ်တန်ဂုဏ်မြတ် ပြည့်စုံအပ်သောသူမြတ်ရှစ်ဖော်အရိယာသံဃာတော်အရှင်မြတ်တို့နှင့် တကွ သီလဝံ၊ဂုဏဝံ၊ ပညာဝံ အရှင်မွန်အရှင်ကောင်း သမ္မုတိသံဃာတော်အပေါင်း တည်းဟူသော ရတနာ။

ဤသို့ပေါင်းအပ် ၃ ပါးသော ရတနာနတ်တို့ကို ဆည်းကပ်မြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

ကန်တော့ရသောအကျိုးအားဖြင့်....

ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်အပါယ်လေးပါး။လောဘပွားများ၍ ရှားပါးငတ်မွတ်ခြင်း ဒုဗ္ဘိက္ခန္တရကပ်။ ဒေါသမာန်တက်၍ လက်နက်လှံခဲ ထိပါးပျက်စီးခြင်း သတ္ထန္တရကပ်။ မောဟမှေးရစ်၍ ဟောင်းသစ်ဝေဒနာ လွန်စွာနှိပ်စက်ခြင်း ရောဂန္တရကပ် တည်းဟူသော ကပ်သုံးပါး။

ဘုရား၊တရား၊သံဃာ ရတနာသုံးဆင့် မပွင့်သောဒေသ။ ရှန့်ရင်းကြမ်းတမ်းလှသော ပစ္စန္တရစ်အရပ်။နာမ်သာရှိ၍ ရုပ်မရှိ

သော အရူပလေးဘုံ။ရုပ်သာရှိ၍ နာမ်မရှိသော အသညသတ်ဘုံ။ အမိဝမ်းတွင်းက ကန်းခြင်း၊ကိုင်းခြင်း ဇစ္စန္ဓ၊ဇစ္စပမိသု၊အင်္ဂါချွတ်ယွင်းခြင်း ဝိကလင်္ဂ။

မှားသောအယူယူခြင်း မိစ္ဆာဒိဋ္ဌိ။နိရယဂတိ၊တိရစ္ဆာနဂတိ၊ပေတဂတိ။ ဘုရားမပွင့်မီအခါ၌ တိတ်ဘ်ဖြစ်ခြင်း၊ ဗုဒ္ဓါနုပ္ပါဒ တိဟောတုကဟု ဆိုအပ်သော ရုပ်ပြစ်ရှစ်ပါး။

ရေ၊မီး၊မင်း၊ခိုးသူ၊ မချစ်မနှစ်သက်သောသူဟု ဆိုအပ်သော ရန်သူမျိုးငါးပါး။ဆင်းရဲယုတ်ညံ့သောအမျိုး၌ ဖြစ်ရခြင်း ဂတိဝိပ္ပတ္တိ။အဆင်းသဏ္ဌာန် ကြွန်အင်္ဂါ ချွတ်ယွင်းခြင်း ဥပဓိဝိပ္ပတ္တိ။ဒုရာဇာ၊ဒုဇနာ၊ ဒုမိတ္တာတို့နှင့် တွေ့ကြုံရခြင်း ကာလဝိပ္ပတ္တိ။မကောင်းသောလုံ့လဖြင့် ရှာကြံရခြင်း ပယောဂဝိပ္ပတ္တိဟု ဆိုအပ်သော ဝိပ္ပတ္တိဘရားလေးပါး။

အဆွေမျိုးတို့ပျက်စီးခြင်း ဉာတိဗျသန။စည်းစိမ်ဥစ္စာ အရာဌာန နိမ့်ကျပျက်စီးခြင်း ဘောဂဗျသန။အနာရောဂါ နှိပ်စက်ခြင်း ရောဂဗျသန။ အကျင့်သီလပျက်စီးခြင်း သီလဗျသန။မကောင်းသော အယူဖောက်ပြန်ခြင်း ဒိဋ္ဌိဗျသနဟုဆိုအပ်သော ဗျသနတရားငါးပါး။အနာမျိုး ၉၆ ပါး။ ဘေးဆယ်ဘာ်၊ ရန်ဆယ်ပါး၊မကောင်းသောအနိဋ္ဌဖလ ဒုက္ခဝေဒနာအပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂဘရား၊ ဖိုလ်ဘရား၊ မင်္ဂဉာဏ်၊ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏အရှင်ဘုရား။

# မိမိခန္ဓာကိုယ်လှူဒါန်းခြင်း

မြတ်စွာဘုရား(၃)။ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ယခုတရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းပါ၏အရှင်ဘုရား။ အရိယာသံဃာတော် ဖြစ်တော်မူကြကုန်သော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊အရှင်မဟာကဿပ အစရှိသော ရှစ်ဆယ်သော အရိယာသံဃာတော်အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ယခုတရားအားထုတ်ဆဲအခါ၌ အရှင်မြတ်တို့အားနိဗ္ဗာန်ကိုရည်မှန်း၍လှူဒါန်းပါ၏အရှင်ဘုရား။

သမ္မုတိသံဃာတော် ဖြစ်တော်မူကြကုန်သော ရှင်မဟာဗုဒ္ဓဃောသ၊ရှင်မဟာဗုဒ္ဓဒတ္တ၊ရှင်ဗုဒ္ဓပိယ၊ရှင်မဟာနန္ဒ၊ရှင်အရဟံ၊ ရှင်ဓမ္မဒဿီ၊ ရွှေဥမင်ဆရာတော်၊ ညောင်ကန်ဆရာတော်၊ ဝါးချက်ဆရာတော်၊ မင်းကွန်းဆရာတော်၊လယ်တီဆရာတော်၊ စွန်းလွန်းဆရာတော်၊ ဝေဘူဆရာတော်၊ ကျော်အောင်စံထားဆရာတော်၊ ယက်ကန်းစင်တောင်ဆရာတော်ဦးဩဘာသ၊ ရာကျော်ဆရာတော်ဦးသဒ္ဓမ္မကိတ္တိ၊ ရှင်မထီးဆရာတော်၊ဦးပေါက်ဆိန်(ခ) ဦးဝိဇ္ဇာဓရဆရာတော် အစရှိသော များစွာသော သမ္မုတိသံဃာတော်အရှင်သူမြတ်တို့ဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ယခုတရားအားထုတ်ဆဲ အခါ၌ အရှင်မြတ်တို့အား နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား။

## မေတ္တာတော်ကိုခံယူခြင်း

ကြည်လင် ချမ်းအေးလှစွာသော မြတ်စွာဘုရား၏ မေတ္တာတော်ကို ဘုရားတပည့်တော်သည် ခံယူပါ၏။ ကြည်လင်ချမ်းအေးလှစွာသော တရားတော်မြတ်၏ မေတ္တာတော်ကို ဘုရားတပည့်တော်သည်ခံယူပါ၏။ ကြည်လင် ချမ်းအေးလှစွာသော သံဃာတော်မြတ်များ၏ မေတ္တာတော်ကို ဘုရားတပည့်တော်သည် ခံယူပါ၏။ ကြည်လင်ချမ်းအေးလှစွာသော ပေါက် ပုဂ္ဂိုလ်အရှင်မြတ်တို့၏ မေတ္တာတော်ကို ဘုရားတပည့်တော်သည် ခံယူပါ၏။

မိဘတို့၏ ကြည်လင်ချမ်းအေးလှစွာသော မေတ္တာတော်ကို အကျွန်ုပ်သည်ခံယူပါ၏။ ဆရာသမားတို့၏ ကြည်လင်ချမ်းအေးလှစွာသောမေတ္တာတော်ကိုအကျွန်ုပ်သည် ခံယူပါ၏၊ ဗြဟ္မာမင်းတို့၏ ကြည်လင်ချမ်းအေးလှစွာသော မေတ္တာတော်ကို အကျွန်ုပ်သည် ခံယူပါ၏။ သိကြားမင်းတို့၏ ကြည်လင် ချမ်းအေးလှစွာသောမေတ္တာတော်ကို အကျွန်ုပ်သည်ခံယူပါ၏။ သာသနာစောင့်နတ်မင်းကြီးတို့၏ ကြည်လင်ချမ်းအေးလှစွာသော မေတ္တာတော်ကို အကျွန်ုပ်သည် ခံယူပါ၏။ ဝိဇ္ဇာ ဇော်ဂျီ တပသီတို့၏ ကြည်လင်ချမ်းအေးလှစွာသော မေတ္တာတော်ကို အကျွန်ုပ်သည် ခံယူပါ၏။

စကြဝဠာအနန္တ၌ တည်ရှိကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး အစရှိကုန်သော နတ်မင်းများ နတ်ဒေဝါများ၏

ကြည်လင်ချမ်းအေးလှစွာသော မေတ္တာတော်ကို အကျွန်ုပ်သည် ခံယူပါ၏။ သူရဿတီ၊ စန္ဒြီ၊ စန္ဒာ အစရှိသော နတ်ဒေဝီတို့၏ မေတ္တာတော်ကို အကျွန်ုပ်သည် ခံယူပါ၏။ သုဇာတာ၊ သုမာလာ အစရှိသော နတ်ဒေဝီတို့၏ ကြည်လင်ချမ်းအေး လှစွာသော မေတ္တာတော်ကို အကျွန်ုပ်သည်ခံယူပါ၏။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် အစရှိသော ဘိုးတော်တို့၏ ကြည်လင်ချမ်းအေးလှစွာသောမေတ္တာတော်ကို အကျွန်ုပ်သည် ခံယူပါ၏။ အလုံးစုံသော သူတော်ကောင်း သူမြတ်လောင်း ဖြစ်ကြကုန်သော ပုဂ္ဂိုလ်၊ သတ္တဝါတို့၏ ကြည်လင်ချမ်းအေးလှစွာသော မေတ္တာတော်ကို အကျွန်ုပ်သည် ခံယူပါ၏။

သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသုခိဘာဒုက္ခိတသတ္တဝါအပေါင်းတို့နှင့်တကွ မွေးသမိခင်၊ မွေးသဖခင် ဆွေကြီး၊ မျိုးကြီး၊ ဘိုးကြီး၊ ဘွားကြီး၊ အရီး၊အဒေါ်၊ဦးကြီး၊ ဦးလေး၊ဘကြီး၊ ဘထွေး အစရှိကုန်သော ခုနှစ်ဆက်သားသမီး အပေါင်းတို့အားရင်း။ ရေမြေသေ၌နှင်းပြည့်ရှင်မင်းတို့အားရင်း။ ငရဲသေ၌နှင်း ယမမင်းတို့အားရင်း။ ဤနေရာ၊ ဤဌာန၊ ဤအရပ်၊ ဤမြို့၊ဤပြည်၊ ဤစကြဝဠာအတွင်း၌တည်ရှိ၍ နေကြကုန်သော နတ်မင်းများစွာ နတ်တကာ အပေါင်းတို့အားရင်း။ အကျွန်ုပ်သည် ဘဝ ဘဝါ သံသရာက ယနေ့၊ ယခုတိုင်အောင် ပြုလုပ်ခဲ့သောဒါန၊ ဆောက်တည်ခဲ့သော သီလ၊ ပွားများခဲ့သော ဘာဝနာကုသိုလ်အဖို့များကို အမျှပေးဝေပါ၏။ အမျှ....အမျှ....အမျှ....။

* * *

# မေတ္တာပို့နှင့်အမျှပေးဝေခြင်း

ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ ဘေးရန်ကင်းရှင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ၍ လိုရာဆန္ဒပြည့်ဝကြပါစေ၊ မရအပ်သေးသောစည်းစိမ် ဥစ္စာရတနာအပေါင်းတို့ ရရှိကြပါစေ၊ ရအပ်ပြီးသောစည်းစိမ်ဥစ္စာ ရတနာ အပေါင်းတို့သည် အကျိတ်အခဲအမြဲတည်ရှိကြပါစေ၊ တရားထူးတရားမြတ် သိဒ္ဓိထူး သိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံအောင် မ,စ ကြည့်ရှု စောင့်ရှောက်ကြပါစေ၊ အောင်ဆုကိုလည်း ပေးသနားကြပါစေ၊

သောင်းလောကဓာတ်၊ အနန္တစကြဝဠာအတွင်း၌ တည်ရှိကြကုန်သော ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ ဂေဟာစောင့်နတ်၊ တောင်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ စကြဝဠာစောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ နယ်စောင့်နတ်၊ ပယ်စောင့်နတ်၊ အရပ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်၊ တကျိပ်နှစ်ပါးသော ကိုယ်စောင့်နတ်။

သိကြွားမင်း၊ ဗြဟ္မာမင်း၊ သနင်္ကုမာရဗြဟ္မာမင်း၊ သဟမ္ပတိဗြဟ္မာမင်း၊ အလောင်းတော်နတ်မင်း၊ သန္တုသိတာ အမျိုးရှိသောနတ်မင်းများ၊ သာတာဂီရိနတ်မင်း၊ ဟေမဝတနတ်မင်း၊ ဂေါရမန္တနတ်မင်း၊ မဟာသိဝနတ်မင်း၊ မဟေသရနတ်မင်း၊ ဝိရူဠှကနတ်မင်း၊ဝိရူပက္ခနတ်မင်း၊ ကုဝေရနတ်မင်း၊ ဤသာနနတ်မင်း၊ ဝရုဏနတ်မင်း၊ပဇာပတိနတ်မင်း၊ မာတလိနတ်မင်း၊ဝိသကြုံနတ်မင်း၊ ရေစောင့်နတ်မင်း၊ မြေစောင့်နတ်မင်း၊လေစောင့်နတ်မင်း၊ မီးစောင့်နတ်မင်း။

နေနတ်သား၊လနတ်သား၊ မိုးနတ်သား၊တိမ်နတ်သား၊အမွှံနတ်သား၊ ပဇ္ဇုန်နတ်သား၊ဝဠာဟကနတ်သား အစရှိသော နတ်မင်းများစွာ၊ နတ်တကာအပေါင်းတို့အားရင်း။

သုဇိတာ၊သုမာလာ၊သုမေ္ဓာ၊သုနန္ဒာ၊ သုမိတ္တာ အစရှိသောများစွာသော နတ်ဒေဝီအပေါင်းတို့အားရင်း။

စတုမဟာရာဇ်၊တာဝတိံသာ၊ယာမာ၊တုသိတာ၊နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိ နတ်ပြည်ခြောက်ထပ်၌ တည်ရှိကြကုန်သော နတ်မင်း၊နတ်မိဖုရား၊ နတ်သမီး၊နတ်သားအပေါင်းတို့အားရင်း။

ဗြဟ္မာပြည် ၂၀ ၌ တည်ရှိကြကုန်သော ဗြဟ္မာမင်းအပေါင်းတို့အားရင်း။

အကျွန်ုပ်သည် ဘဝ၊ဘဝါသံ သရာကယန္တွေ—ယခုတိုင်အောင် ပြုလုပ်ခဲ့သော ဒါန၊ဆောက်တည်ခဲ့သော သီလ၊ပွားများခဲ့သော ဘာဝနာကုသိုလ်အဖို့များကို အမျှပေးဝေပါ၏။ အမျှ....အမျှ....အမျှ။

ချမ်းသာကြပါစေ၊ကျန်းမာကြပါစေ၊ ဘေးရန်ကင်းရှင်းကြ

ပါစေ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ၍ လိုရာဆန္ဒ ပြည့်ဝကြပါစေ၊မရအပ်သေးသောစည်းစိမ်ဥစ္စာရတနာအပေါင်းတို့ရရှိကြပါစေ၊ရအပ်ပြီးသော စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့သည် အကျိတ်အခဲ အမြဲတည်ရှိကြပါစေ၊တရားထူးတရားမြတ်၊သိဒ္ဓိထူး သိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံကြပါစေ၊ကြံစည် အားထုတ် ပြုလုပ်သမျှ အောင်မြင်ကြပါစေ၊အကျွန်ုပ်ကိုလည်း တရားထူး တရားမြတ်၊သိဒ္ဓိထူး သိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံအောင် မစ ကြည့်ရှု စောင့်ရှောက်ကြပါစေ၊အောင်ဆုကိုလည်း ပေးသနား ကြပါစေ။

သူရဿတီမယ်ဘော်ကြီး၊စန္ဒီနတ်သမီး၊စန္ဒာနတ်သမီး၊စိတ္တာဍာ နတ်သမီး၊ ဂဟာပတာနီနတ်သမီး၊ ရုက္ခာဒေဝီနတ်သမီး၊ မိန္ဒာဍာ ဒေဝီနတ်သမီး၊ဟိရိနတ်သမီး၊ သိရိနတ်သမီး၊ ဗိရုဏ္ဍိနတ်သမီး၊ မဏိမေခလာနတ်သမီး အစရှိသော များစွာသော နတ်ဒေဝီ အပေါင်းတို့အားငှင်း၊အကျွန်ုပ်သည် ဘဝ၊ ဘဝါ သံသရာက ယနေ့ယနေ့တိုင်အောင် ပြုလုပ်ခဲ့သော ဒါန၊ဆောက်တည်ခဲ့သော သီလ၊ပွားများခဲ့သော ဘာဝနာကုသိုလ်အဖို့များကို အမျှပေး ဝေပါ၏။အမျှ—အမျှ—အမျှ။

ချမ်းသာကြပါစေ၊ကျန်းမာကြပါစေ၊ ဘေးရန်ကင်းရှင်းကြပါစေ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ၍ လိုရာဆန္ဒပြည့်ဝကြပါစေ၊ မရအပ်သေးသောစည်းစိမ်ဥစ္စာရတနာအပေါင်းတို့ရရှိကြပါစေ၊ရအပ်ပြီးသော စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့သည် အကျိတ်အခဲ အမြဲတည်ရှိကြပါစေ၊ တရားထူးတရားမြတ်၊ သိဒ္ဓိထူး၊သိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံကြပါစေ၊ကြံစည်အားထုတ်

ပြုလုပ်သမျှ အောင်မြင်ကြပါစေ၊အကျွန်ုပ်ကိုလည်း တရားထူး တရားမြတ်၊သိဒ္ဓိထူး သိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံအောင် မစကြည့်ရှု စောင့်ရှောက်ကြပါစေ၊ အောင်ဆုကိုလည်း ပေးသနားကြပါစေ။

ဘိုးဘိုးအောင်၊ဘိုးမင်းခေါင်၊စကြာမင်း။ဘိုးဘိုးငယ်၊ ဆရာကြီးဦးအောင်ချမ်းသာ၊ဆရာပြုး၊ ဆရာအေး၊ ဆရာပွင့်၊ ဆရာအောင်သာ၊ဆရာဝင်း၊ဆရာမင်း၊သိဝိဇ္ဇာ၊ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊စမဝိဇ္ဇာ၊ခေတ်ဝိဇ္ဇာ အစရှိသော များစွာသောဝိဇ္ဇာ ဇော်ဂျီ တပသီ အပေါင်းတို့အားရှင်း၊ ဗားလေးဗား၊ အောင်လေးအောင် အစရှိသော ပုဂ္ဂိုလ်တို့အားရှင်း၊ပေါက်ဆရာ ၆၉ ယောက်တို့နှင့်တကွ တကျိပ်နှစ်ယောက်သော ဂိုဏ်းချုပ်ပုဂ္ဂိုလ်ကြီးတို့အားရှင်း၊ ပဿမံ ဆရာကြီးတို့အားရှင်း အကျွန်ုပ်သည် ဘဝ ဘဝါ သံသရာက ယနေ့ယခုတိုင်အောင်ပြုလုပ်ခဲ့သောဒါန၊ ဆောက်တည်ခဲ့သော သီလ၊ပွားများခဲ့သော ဘာဝနာကုသိုလ် အဖို့များကို အမျှပေးဝေပါ၏။အမျှ–အမျှ–အမျှ။

ချမ်းသာကြပါစေ၊ကျန်းမာကြပါစေ၊ ဘေးရန်ကင်းရှင်းကြပါစေ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ၍ လိုရာဆန္ဒ ပြည့်ဝကြပါစေ၊မရအပ်သေးသော စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့ရရှိကြပါစေ၊ရအပ်ပြီးသော စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့သည် အကျိတ်အခဲအမြဲတည်ရှိကြပါစေ၊တရားထူးတရားမြတ်၊သိဒ္ဓိထူး သိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံကြပါစေ။ ကြံစည်အားထုတ် ပြုလုပ်သမျှ အောင်မြင်ကြပါစေ။အကျွန်ုပ်ကိုလည်း တရားထူး တရားမြတ်၊သိဒ္ဓိထူးသိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံအောင်မစ

ကြည့်ရှု စောင့်ရှောက်ကြပါစေ"အောင်ဆုကိုလည်း ပေးသနားကြပါစေ။

အပြင်သုံးဆယ့်ခုနစ်မင်း၊ အတွင်းသုံးဆယ့်ခုနစ်မင်း အစရှိသောနတ်တို့အားရင်း၊ ရေငံပိုင်ဦးရှင်ကြီး၊ မောင်ဘာ၊ ဦးတိဿ၊ မယ်ဥ၊ အမေရွှေ၊ ပေါက်ကတော်ဒေါ်ဆိပ်၊ မဘွတ်မယ်၊ ပခန်းပုဂံ မြင်းဖြူရှင်၊ မယ်ဝဏ္ဏ၊ ရွှေဖျင်းညီနောင်၊ ဦးတင့်တယ်၊ မဒွေးဖြူ၊ မမြလှ၊ မနဲ့လေး၊ အမေရွှေနံ့သာ အစရှိသော များစွာသောနတ်တို့အားရင်း။

လက်ဝဲ ၉ သိန်း၊ လက်ယာ ၉ သိန်း အစရှိသော နတ်တို့အားရင်း၊ နယ်တော်ရှင်၊ ပယ်တော်ရှင်၊ မယ်တော်ကြီး၊ ဘိုးတော်ကြီး အစရှိသောနတ်တို့အားရင်း။

ဘဝ၊ ဘဝါသံသရာကမိဘ၊ ဆရာသမား၊ ဆွေမျိုးညာတိသင်္ဂဟ တော်စပ်ဖူးကြကုန်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့အားရင်း၊ ဝိရူပက္ခ၊ ဆဗျာပုတ္တ၊ ဧရာပထ၊ ကဏှာဂေါတမ၊ နန္ဒောပနန္ဒ အစရှိသောနဂါး၊ ဂဠုံ၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ်အသူရာတို့အားရင်း။ ကုန်းနေ ကိုးကုဋေ၊ ရေနေဆယ်ကုဋေ အစရှိသော များစွာသော သတ္တဝါအပေါင်းတို့အားရင်း၊ အကျွန်ုပ်သည် ဘဝ၊ ဘဝါ သံသရာက ယနေ့ ယခုတိုင်အောင် ပြုလုပ်ခဲ့သော ဒါန၊ ဆောက်တည်ခဲ့သော သီလ၊ ပွားများခဲ့သော ဘာဝနာကုသိုလ်အဖို့များကို အမျှပေးဝေပါ၏။ အမျှ၊ အမျှ၊ အမျှ။

ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ ဘေးရန်ကင်းရှင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ၍ လိုရာဆန္ဒပြည့်ဝကြပါစေ၊ မရအပ်သေးသော စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့

ရရှိကြပါစေ၊ ရအပ်ပြီးသော စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့သည်၊ အကျိတ်အခဲ အမြဲတည်ရှိကြပါစေ။ တရားထူးတရားမြတ်၊သိဒ္ဓိထူးသိဒ္ဓိမြတ်အပေါင်းတို့နှင့်ပြည့်စုံကြပါစေ၊ကြံစည်အားထုတ် ပြုလုပ်သမျှ အောင်မြင်ကြပါစေ။ အကျွန်ုပ်ကိုလည်း တရားထူး တရားမြတ်၊သိဒ္ဓိထူး သိဒ္ဓိမြတ်အပေါင်းတို့နှင့် ပြည့်စုံအောင် မ စကြည့်ရှုစောင့်ရှောက်ကြပါစေ၊ အောင်ဆုကိုလည်း ပေးသနားကြပါစေ။သူတော်ကောင်းသူမြတ်လောင်းတို့၏ ပို့သသောမေတ္တာ၊ပေးဝေသောကုသိုလ်အဖို့ကိုလည်း အကျွန်ုပ်က ဝမ်းမြောက်ဝမ်းသာ ခံယူပါ၏။သာဓု၊သာဓု၊သာဓု။

# ခန္ဓာငါးပါး အနိစ္စ ပုတီးစိပ်

၁။ ရူပံဘိက္ခဝေအနိစ္စံ၊ ယောပိဟေတု ယောပိ ပစ္စယော၊ ရူပဿဥပ္ပါဒါယ ယောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ၊ ရူပံကုတောနိစ္စံ ဘဝိဿတိ။

၂။ ဝေဒနာဘိက္ခဝေအနိစ္စာ၊ ယောပိဟေတု ယောပိ ပစ္စယော၊ ဝေဒနာယဥပ္ပါဒါယ ယောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ၊ ဝေဒနာကုတောနိစ္စာ ဘဝိဿတိ။

၃။ သညာဘိက္ခဝေအနိစ္စာ၊ ယောပိဟေတု ယောပိပစ္စယော၊ သညာယ ဥပ္ပါဒါယ ယောပိအနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ၊ သညာကုတောနိစ္စာ ဘဝိဿတိ။

၄။ သင်္ခါရာဘိက္ခဝေအနိစ္စာ၊ ယောပိဟေတု ယောပိပစ္စယော၊ သင်္ခါရာနံ ဥပ္ပါဒါယ ယောပိအနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ၊ သင်္ခါရာကုတောနိစ္စာ ဘဝိဿန္တိ။

၅။ ဝိညာဏံဘိက္ခဝေအနိစ္စံ၊ ယောပိဟေတု ယောပိပစ္စယော၊ ဝိညာဏဿ ဥပ္ပါဒါယ ယောပိအနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ၊ ဝိညာဏံ ကုတောနိစ္စံ ဘဝိဿတိ။

ဧဝံပဿံ ဘိက္ခဝေ သုတဝါအရိယသာဝကော၊ ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိနိဗ္ဗိန္ဒတိ၊ သညာယပိနိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ၊ ဉာဏံ ဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ၊ ပဇာနာတီတိ။

# ခန္ဓာငါးပါး ဒုက္ခ ပုတီးစိပ်

၁။ ရူပံဘိက္ခဝေဒုက္ခံ၊ ယောပိဟေတု ယောပိ ပစ္စယော၊
ရူပဿ ဥပ္ပါဒါယ သောပိ ဒုက္ခော၊ ဒုက္ခသမ္ဘူတံ
ဘိက္ခဝေ၊ ရူပံကုတော သုခံ ဘဝိဿတိ၊

၂။ ဝေဒနာ ဘိက္ခဝေဒုက္ခာ၊ ယောပိဟေတု ယောပိ
ပစ္စယော၊ ဝေဒနာယ ဥပ္ပါဒါယ သောပိဒုက္ခော၊
ဒုက္ခသမ္ဘူတာဘိက္ခဝေ၊ဝေဒနာ ကုတော သုခါ ဘဝိဿတိ။

၃။ သညာဘိက္ခဝေ ဒုက္ခာ၊ ယောပိဟေတု ယောပိ
ပစ္စယော၊ သညာယ ဥပ္ပါဒါယ သောပိဒုက္ခော၊ ဒုက္ခ
သမ္ဘူတာ ဘိက္ခဝေ၊ သညာ ကုတော သုခါ ဘဝိဿတိ။

၄။ သင်္ခါရာဘိက္ခဝေ ဒုက္ခာ၊ ယောပိဟေတု ယောပိ
ပစ္စယော၊ သင်္ခါရာနံ ဥပ္ပါဒါယ သောပိဒုက္ခော၊ ဒုက္ခ
သမ္ဘူတာဘိက္ခဝေ၊ သင်္ခါရာ ကုတော သုခါ ဘဝိဿန္တိ။

၅။ ဝိညာဏံ ဘိက္ခဝေဒုက္ခံ၊ ယောပိဟေတု ယောပိ
ပစ္စယော၊ ဝိညာဏဿ ဥပ္ပါဒါယ သောပိဒုက္ခော၊ ဒုက္ခ
သမ္ဘူတံ ဘိက္ခဝေ၊ ဝိညာဏံ ကုတော သုခံ ဘဝိဿတိ။

ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော၊
ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိနိဗ္ဗိန္ဒတိ၊ သညာယပိ
နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊
နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ၊
ဉာဏံဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊
ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ၊ ပဇာနာတီတိ။

## ခန္ဓာငါးပါး အနတ္တ ပုတီးစိပ်

၁။ ရူပံဘိက္ခဝေ အနတ္တာ၊ ယောပိဟေတု ယောပိပစ္စယော၊ ရူပဿ ဥပ္ပါဒါယ သောပိအနတ္တာ၊ အနတ္တသမ္ဘူတံ ဘိက္ခဝေ၊ ရူပံ ကုတော အတ္တာ ဘဝိဿတိ။

၂။ ဝေဒနာဘိက္ခဝေ အနတ္တာ၊ ယောပိဟေတု ယောပိ ပစ္စယော၊ ဝေဒနာယ ဥပ္ပါဒါယ သောပိအနတ္တာ၊ အနတ္တ သမ္ဘူတံ ဘိက္ခဝေ၊ ဝေဒနာ ကုတော အတ္တာ ဘဝိဿတိ။

၃။ သညာ ဘိက္ခဝေ အနတ္တာ၊ ယောပိဟေတု ယောပိ ပစ္စယော၊ သညာယ ဥပ္ပါဒါယ သောပိအနတ္တာ၊ အနတ္တ သမ္ဘူတံ ဘိက္ခဝေ၊ သညာ ကုတော အတ္တာ ဘဝိဿတိ။

၄။ သင်္ခါရာ ဘိက္ခဝေ အနတ္တာ၊ ယောပိဟေတု ယောပိ ပစ္စယော၊ သင်္ခါရာနံ ဥပ္ပါဒါယ သောပိအနတ္တာ၊ အနတ္တ သမ္ဘူတံဘိက္ခဝေ၊ သင်္ခါရာ ကုတော အတ္တာ ဘဝိဿန္တိ။

၅။ ဝိညာဏံဘိက္ခဝေအနတ္တာ၊ ယောပိဟေတု ယောပိ ပစ္စယော၊ ဝိညာဏဿဥပ္ပါဒါယ သောပိအနတ္တာ၊ အနတ္တ သမ္ဘူတံ ဘိက္ခဝေ၊ ဝိညာဏံ ကုတော အတ္တာ ဘဝိဿတိ။

ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော၊ ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ၊ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ၊ ပဇာနာတီတိ။

ဝိပဿနာလုပ်ငန်းကြီးများကိုထူထောင်ပြုလုပ်လိုကြသော
ပုဂ္ဂိုလ်တို့ အထူးကျက်မှတ်ပွားများ
ကျင့်ကြံလေ့လာကြရန်

## ဝိပဿနာဂါထာကြီးများ

## အနိစ္စပုတ်တီးစိပ်ဂါထာပါဠိအနက်

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒ ဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ ကောင်းမှုဆိုးမှု ဝိညာဉ်စုနှင့်၊ဥတုပူအေး၊ကျွေးမွေး အစာ၊ လေးဖြာကြောင်းအင် ပြုပြင်အပ်သမျှ သင်္ခါရတရားတို့ သည်။ အနိစ္စာဝတ၊ ဖြစ်ပြီးသည်နောင် တည်ထောင်ခိုင်စွဲ မရှိပဲ ကြောင့် မမြဲလုံးလုံး အသုံးမကျ အနိစ္စတို့ပါတကား။ ဝါ၊ပျက် ပြားခုပ်ဆုံး ဖြုန်းဖြုန်းပြိုကွဲ ကုန်သည့်နဲကြောင့် မမြဲလုံးလုံး အသုံးမကျ အနိစ္စတို့ပါတကား။

ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ဖို့အကြောင်း ပျက်ဖို့အကြောင်း စုပေါင်းမိကာ သူသူငါကို မညှာမငဲ့ အရှဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တတ်တိုင်း ပျက်ချင်တတ်တိုင်း မဆိုင်းမရပ် ဒီလှိုင်းခတ်သို့ ဖြစ်တတ်ပျက်တတ်သော သဘောရှိကုန်၏။

ဥပ္ပဇ္ဇိတွာ၊ အကြောင်းလေးအင် ပြုစီရင်သော် သင်နေပါဦး ဆိုင်းပါဦးဟု ညွတ်နူးသွယ်သွယ် ဘယ်ဘယ်သူမှ တားမရပဲ အဓမ္မအတင်း မငြင်းဆန်သာ ဖြုန်းကနဲဖြစ်ပေါ်လာကြကုန်၍၊ နိရုဇ္ဈန္တိ၊ တည်တံ့မြဲခိုင် မပျက်နိုင်အောင် စိုးပိုင်မရ ပျက်စီးချိန်ကာလ၌ချုပ်ဆုံးကွယ်ပျောက် ပျက်စီးကြလေကုန်၏။

တေသံ၊ ထိုအလိုသို့မလိုက် စရိုက်သို့မပါဖြစ်ချင်ရာဖြစ်၊ပျက်ချင်ရာရပျက်ကြကုန်သော တေဘူမ္မကသင်္ခါရ တရားဟူသမျှတို့၏၊ ဝူပသမော၊ကြွင်းမဲ့ရုပ်သိမ်း အကုန်ငြိမ်းရာ ခေမာအမတအဘယပူရီ၊ နိဗ္ဗာန်ဆိုတဲ့ ဘေးမဲ့ပြည်ကြီးသည်သာ။ သုခေါ၊ နှိပ်စက်ပူပန် ဖောက်ပြန်ပျက်စီး ကြောက်လန့်ဖွယ် စနက်မီးတွေနှင့် အပြီးထက်ချုပ် စွဲကင်ယှဉ်မှီ ခြောက်လီဖယ ကြိတ်နယ်မှုသာ ဖြစ်ပေါ်လာသည့် ဝေဒနာသုခ-ဟူသမျှထက် အဆသင်္ချေ ရေတွက်မဆုံး ဆင်းရဲတွေလမ်းစတုံး၍ အချမ်းမြဆုံး အအေးဆုံးကြီးပါပေတည်း။ ။

## ဒုက္ခပုံတီးစိပ်ဂါထာပါဠိအနက်

ဒုက္ခာ ဟဝေ ပဥ္စက္ခန္ဓာ၊
သူလာ ဝုဓေတာဝ အာတုရာ။
သမ္ဗာဓ အဒ္ဒုပဗန္ဓောဝ၊
ဒိတ္တာ ဒီပေဝ ပါကာကာ။ ။

ပဥ္စက္ခန္ဓာ၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဟဝေ၊ စင်စစ်ကေန် အမှန်မုချအားဖြင့်။ဒုက္ခာ၊ ကိလေသာအိုး ကြမ္မာဆိုးနှင့် အကျိုးဆက်ဆက် ဝဋ်သုံးချက်ကို တိုးတက်စေငှာ ကမ္ဘာဘာဝယ် ပူဆာရှုပ်ထွေး ဘယ်မအေးအောင် ဘေးသင့်စေခြင်း အကြောင်းရင်းကြောင့် ပူခင်းပင်လယ် မကူကျယ်၍ ကြောက်ဖွယ်မုချ ဒုက္ခတို့သာလျှင်တည်း။

သူလာဝုဓေတာဝ၊ အသက်ဝိညာဉ် အရှင်သားလျက် ကားစင်ထက်ဝယ် ခြေလက်နဖူးအင်ငါးဦး၌ သံဆူးမြမြ ပန္နက်ချ၍

ရှင်ဝအပြင် ကြက်ခြေသွင်သို့ တံလျှင်လျှိုသွင်း ကွပ်မျက်ခြင်းကို မငြင်းဆန်သာ ခံရရှာသည့် ကြမ္မာဆိုးဝါး ရာဇဝတ်သားကဲ့သို့။ အာတုရာ၊ ကိုးဆယ့်ရှစ်ဖြာရုပ်အနာနှင့် စိတ်မှာစွဲခရောက် အမြဲ ပေါက်သည့် မျှားမြောက်ရောဂါ ထောင့်ငါးရာတို့ ဘယ်ခါ မကင်း တံလျှင်သွင်းသို့ ထန့်ပြင်းလှိုက်လှဲ ခံရ နဲ့ကြောင့် အနာခဲ အနာအိုကြီးတို့သာလျှင်တည်း။

အဒ္ဒုဗန္ဓောဝ၊ဦးခေါင်းလောက်သာ ပေါစေကာဖြင့် တွင်း မှာမြှုပ်လတ်၊ မြေသိပ်ခတ်၍ ကျဉ်းကျပ်စွာလှ လှုပ်မရပဲ သေဝ ပါးနိုး ဒုက္ခကြီးကို ငြိုးငြူအော်ဟစ် စုံးစုံးနစ်အောင် အပြစ်ကြီး မား ဒဏ်သင့်သောအကျဉ်းသားကဲ့သို့။ သမ္ဘာဓာ၊ခန္ဓာအတွက်၊ ရက်ဆက်မအား၊ဝတ်စားမှုတွေ၊ဗရမ္ဗေနှင့် နေ့ရက်မပြတ် ပူဆာ တတ်သည့် အငတ်ကန်းဆုံး မြေထိပ်တုံးကြောင့် နှလုံးအေးမြ ဘယ်တော့မှလျှင် ထွက်စလမ်းတာမသွားသာအောင်လက်ယာက ညှပ် လက်ဝဲပတ်သဖြင့် အလွန်ကျဉ်းကျပ်သော တရားတို့သာ တည်း။

ဒီပေ၊အပူခေတ်နှင့် ထပ်ချပ်မကွာလင်းရောင်သာသည့် တော ဇာရှိန်ညီး မီးလျှံကြီး၌။ပါဏာဘာတ္တဝ၊အပြင်ပန်းလှ တွင်းက ပူပင်ဖြစ်ပုံအင်ကို မမြင်နိုင်အား အထင်မှားသဖြင့် ထံပါးချဉ်း ကာ မြူးပျော်ရာတွင် ခန္ဓာပြတ်စဲ တသဲသဲနှင့် သေပွဲသို့ဝင် အမြင်မသန် ပိုးဖလံတို့ကဲ့သို့။ဒိတ္တာ၊နံ့သာတရုပ် ချက်တဖြုတ် မျှ တောင်းဟုတ်လေခရောင် ပြင်ဟုန်ဆောင်လျက် ပြောင် ပြောင်ထိန်ညီး ဆယ့်တစ်မီး၌ တားဆီးမရ ပြေးဝင်ကြ၍ မွမွ ကြွေကွဲ ပြာလိုကြဲအောင် လောင်စွဲသော တရားတို့သာတည်း။

## အနတ္တ ပုတီးစိပ်ဂါထာပါဠိ အနက်

အနတ္တမေ ပဉ္စက္ခန္ဓာ၊
ကာသမ္ဗုရိဝ ရိတ္တကာ။
တုစ္ဆာ ဒပ္ပဏာဆာယာဝ၊
သုညာ ပက္ခိပထော ယထာ။ ။

ဣမေပဉ္စက္ခန္ဓာ၊ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။အနတ္တာ၊ မရင့်စေလို၊ မအိုချင်ပါ၊ မနာပါစေ၊ မသေပါကြောင်း၊ ဆုမွန်တောင်းလည်း၊တောင်းတိုင်းမရ၊တတိုင်းမပြင်၊ထင်တိုင်းမပေါက်၊ အလျောက်ဘာသာ၊ အာဏာဘုရင်၊ ကြောင်းလေးအင်တို့၊စီရင်လေသမျှ၊ ဖြစ်ပေါ်ရသော အနတ္တတရားတို့သာတည်း။

ကာသမ္ဗုရိဝ်၊ လုံးဝန်းသဏ္ဌာန်၊ တကဲ့ဟန်ဖြင့် ပေါ်ယံပြည့်တင်း၊ ဖြူရောင်ဝင်းလျက်၊ အတွင်းပတ်လည်၊ အဆီသွေးသား၊ လွှန်ခေါင်းပါးသည့်၊ ရောက်သွားခရုကဲ့သို့၊ ရိတ္တကာ၊ ပြင်ပန်း၌သာ ထည်ဝါကြီးမား၊ အနေကြွားလျက်၊ တွင်းသားခေါက်စစ်၊ ဖွေ့ရှာလစ်မူ၊ အနှစ်သာရဟူသမျှနှင့်၊ မြူစမယှဉ်၊ အစဉ်ဆိုက်ကင်းသော တရားတို့သာတည်း။

ဒပ္ပဏာဆာယာဝ၊ သွားဟန် လာဟန်၊ ပြုံး ရယ်ဟန်နှင့်၊ သဏ္ဌာန်တူစွာ၊ မြင်ရပါလည်း၊ စမ်းခါမတွေ့၊ ခေါ်၍မထူး၊ ဦးလည်းမညိတ်၊ ခေတ်ရုပ်ပုံ မှန်ထင်ရိပ်ကဲ့သို့၊ တူစွာ၊ ငါမယောင် သူယောင်၊ ဟန်ဆောင်သည့်နှယ်၊ ပြင်ကသာသည့်လည်း၊ တကယ်ဆတ်ဆတ်၊ အတွင်းခေတ်၌၊ ကောင်းမြတ်ချမ်းသာ၊ မင်္ဂလာသုခ၊ ဟူသမျှနှင့်၊ မြူစမနီး၊ အချည်းနှီးသော တရားတို့သာတည်း။

ပက္ခိပဒထော်ယထာ၊ ဘေးဒဏ်ရန်မာန်၊ အန္တရာယ်ပေါင်း၊ တွေ့ကြုံလျှင်းက၊ မှီတင်းဖို့ရာ၊ မကွယ်ကာပဲ၊ ခိုရာမဲ့ထိ၊ ကောင်းကင်ကြီးကဲ့သို့။ သညာ၊ ကိုးရာကွယ်ရာ၊ အားထားရာမျိုး၊ တစိုးတစိ မရှိလုံးလုံး၊ အစွမ်းတုံး၍၊ အသုံးမကျသော တရားတို့သာတည်း။

○

## ပိဋကတ်သုံးပုံ ဘုရားရှိခိုးကြီး

တိဏ္ဏံ ပိဋကာနံ ဗုဒ္ဓေနဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနံ ပညတ္တာနံ ကတမာနံ တိဏ္ဏံ ဝိနယ ပိဋကံ သုတ္တန္တပိဋကံ အဘိဓမ္မပိဋကံ ဣမာနံ တိဏ္ဏံပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေကလျာဏာနံ ပရိယောသာန ကလျာဏာနံ သတ္ထာနံ သ ဗျဥ္ဇနာနံ ကေဝလပရိပုဏ္ဏာဿ ပရိသုဒ္ဓဿ ဗြဟ္မစရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓဂမ္ဘီရာနံ သီလက္ခန္ဓ ဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ

ပညာက္ခန္ဓ ဘာဇနာနိ ဝိမုတ္တိခန္ဓ ဘာဇနာနိ ဝိမုတ္တိ ဉာဏ ဒဿနက္ခန္ဓ ဘာဇနာနိ အဘိညာ သံဝတ္တနိကာနိ ပရိညာသံဝတ္တနိကာနိ သမ္ဗောဓ သံဝတ္တနိကာနိ ဝိရာဂ သံဝတ္တနိကာနိ နိရောဓသံဝတ္တနိကာနိ နိဗ္ဗာန သံဝတ္တနိကာနိ။

နမော ဣမေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေကလျာဏာနံ ပရိယောသာနကလျာဏာနံ သတ္ထာနံ သဗျဉ္ဇနာနံ ကေဝလ ပရိပုဏ္ဏဿ ပရိသုဒ္ဓဿ ဗြဟ္မ စရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓဂမ္ဘီရာနံ သီလက္ခန္ဓဘာဇနာနံ သမာဓိက္ခန္ဓဘာဇနာနံ ပညာက္ခန္ဓဘာဇနာနံ ဝိမုတ္တိခန္ဓဘာဇနာနံ ဝိမုတ္တိဉာဏ ဒဿနက္ခန္ဓဘာဇနာနံ အဘိညာ သံဝတ္တနိကာနံ ပရိညာ သံဝတ္တနိကာနံ သမ္ဗောဓ သံဝတ္တနိကာနံ ဝိရာဂ သံဝတ္တနိကာနံ နိရောဓ သံဝတ္တနိကာနံ နိဗ္ဗာန သံဝတ္တနိကာနံ။

ဒုတိယမ္ပိ၊ တတိယမ္ပိ၊ ပထမနည်းအတိုင်း ပြည့်စုံစွာဆိုလေ)။
ပိဋကတ်သုံးပုံ ဘုရားရှိခိုးပါဠိတော်ကြီး ပြီး၏။

# ပိဋကတ်သုံးပုံ ဘုရားရှိခိုးကြီး
# အနက်

တီဏိ၊ သုံးပါးကုန်သော။ ပိဋကာနိ၊ ပိဋကတ်တို့ကို။ ဗုဒ္ဓေန၊ ခပ်သိမ်းသောတရားကို သိတော်မူသော။ ဘဂဝတာ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဇနတာ၊ ခပ်သိမ်းသော အရာဌာနကိုသိတော်မူသော။ ပဿတာ၊ မြင်တော်မူသော။ အရဟတာ၊ ပူဇော်အထူးကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတာနိ၊ ဟောကြားတော်မူအပ်ကုန်၏၊ ပညတ္တာနိ၊ ပညတ်တော်မူအပ်ကုန်၏။

တိကံ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဝိနယပိဋကံ၊ ဝိနည်းပိဋကတ်ရင်း။ သုတ္တန္တပိဋကံ၊ သုတ္တန်ပိဋကတ်ရင်း။ အဘိဓမ္မပိဋကံ၊ အဘိဓမ္မာပိဋကတ်ရင်းတည်း။

တိကံ၊ သုံးပါးကုန်သော။ ဂုမ္ဗာနိပိဋကာနိ၊ ဤပိဋကတ်တော်တို့သည်။ အာဒိကလျာဏာနိ၊ အစ၏ကောင်းခြင်းနှင့်လည်း ပြည့်စုံကုန်၏။ မဇ္ဈေကလျာဏာနိ၊ အလယ်၏ကောင်းခြင်းနှင့်လည်း ပြည့်စုံကုန်၏။ ပရိယောသာနကလျာဏာနိ၊ အဆုံး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံကုန်၏၊

သာတ္ထာနိ၊ အနက်နှင့်တကွဖြစ်ကုန်၏။ သဗျဉ္ဇနာနိ၊ သဒ္ဒါနှင့်တကွဖြစ်ကုန်၏။ ကေဝလ ပရိပုဏ္ဏသာ၊ အလုံးစုံအားဖြင့် ပြည့်စုံသော။ ပရိသုဒ္ဓသာ၊ ထက်ဝန်းကျင်အားဖြင့် စင်ကြယ်သော။ ဗြဟ္မစရိယသာ၊ သာသနာနှင့် သိက္ခာသုံးပါး၊ မြတ်သောအကျင့်တရားကို။ ပကာသကာနိ၊ ထင်ရှားပြတတ်ကုန်၏။ အတ္ထဂမ္ဘီရာနိ၊ အနက်အားဖြင့်လည်း နက်နဲကုန်၏။ ဓမ္မဂမ္ဘီရာနိ၊ သဘောအားဖြင့်လည်း နက်နဲကုန်၏။ ဒေသနာ ဂမ္ဘီရာနိ၊ ဟောအပ်သော အစဉ်အလာအားဖြင့်လည်း နက်နဲကုန်၏။

ပဋိဝေဓဂမ္ဘီရာနိ၊ ထိုးထွင်း၍ သိအပ်သော ပဋိဝေဓအားဖြင့်လည်း နက်နဲကုန်၏။ သီလက္ခန္ဓဘာဇနာနိ၊ သီလက္ခန္ဓ၏ တည်ရာဖြစ်ကုန်၏။ သမာဓိက္ခန္ဓဘာဇနာနိ၊ သမာဓိက္ခန္ဓ၏ တည်ရာဖြစ်ကုန်၏။ ပညာက္ခန္ဓဘာဇနာနိ၊ ပညာက္ခန္ဓ၏ တည်ရာဖြစ်ကုန်၏။ ဝိမုတ္တိက္ခန္ဓဘာဇနာနိ၊ ဝိမုတ္တိက္ခန္ဓ၏ တည်ရာဖြစ်ကုန်၏။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓဘာဇနာနိ၊ ဝိမုတ္တိဉာဏ ဒဿနက္ခန္ဓ၏ တည်ရာဖြစ်ကုန်၏။

အဘိညာသံဝတ္တနိကာနိ၊ ထူးသောအဘိညာဉ်ကိုဖြစ်စေတတ်ကုန်၏။ ပရိညာသံဝတ္တနိကာနိ၊ ပိုင်းခြား၍ သိသောဉာဏ်ကို ဖြစ်စေတတ်ကုန်၏။ သမ္ဗောဓသံဝတ္တနိကာနိ၊ ကောင်းစွာထိုးထွင်း၍ သိသောဉာဏ်ကို ဖြစ်စေတတ်ကုန်၏။

ဝိရာဂသံဝတ္တနိကာနိ၊ ရာဂကင်းရာ၊ အရဟတ္တဖိုလ်ချမ်းသာကို ဖြစ်စေတတ်ကုန်၏။ နိရောဓသံဝတ္တနိကာနိ၊ ဒုက္ခအပေါင်းတို့၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာကို ဖြစ်စေတတ်ကုန်၏။ နိဗ္ဗာနသံဝတ္တနိကာနိ၊ ဒုက္ခပေါ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ဖြစ်စေတတ်ကုန်၏။

အာဒိကလျာဏာနံ၊ အစ၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံကုန်သော။ မဇ္ဈေကလျာဏာနံ၊ အလယ်၏ကောင်းခြင်းနှင့်လည်း ပြည့်စုံကုန်သော။ ပရိယောသာနကလျာဏာနံ၊ အဆုံး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံကုန်သော။ သာတ္ထာနံ၊ အနက်နှင့်တကွ ဖြစ်ကုန်သော။ သဗျဉ္ဇနာနံ၊ သဒ္ဒါနှင့်တကွဖြစ်ကုန်သော။ ကေဝလပရိပုဏ္ဏသာ၊ အလုံးစုံအားဖြင့် ပြည့်စုံသော။ ပရိသုဒ္ဓသာ၊ တက်ဝန်းကျင်အားဖြင့် စင်ကြယ်သော။ ဗြဟ္မစရိယသာ၊ သာသနာနှင့် သိက္ခာသုံးပါး၊ မြတ်သော အကျင့်တရားကို။ ပကာသကာနံ၊ ထင်ရှားပြတတ်ကုန်သော။ အတ္ထဂမ္ဘီရာနံ၊ အနက်အားဖြင့်လည်း နက်နဲကုန်သော။ ဓမ္မဂမ္ဘီရာနံ၊ သဘောအားဖြင့်လည်း နက်နဲကုန်သော။ ဒေသနာဂမ္ဘီရာနံ၊ ဟောအပ်သော အစဉ်အားဖြင့်လည်း နက်နဲကုန်သော။

ပဋိဝေဓဂမ္ဘီရာနံ၊ ထိုးထွင်း၍သိအပ်သော ပဋိဝေဓအားဖြင့်လည်း နက်နဲကုန်သော။

သီလက္ခန္ဓာဘာဇနာနံ၊ သီလက္ခန္ဓ၏ တည်ရာဖြစ်ကုန်သော။ သမာဓိက္ခန္ဓာဘာဇနာနံ၊ သမာဓိက္ခန္ဓ၏ တည်ရာဖြစ်ကုန်သော။

ပညာက္ခန္ဓာဘာဇနာနံ၊ ပညာက္ခန္ဓ၏ တည်ရာဖြစ်ကုန်သော။ ဝိမုတ္တိက္ခန္ဓာဘာဇနာနံ၊ ဝိမုတ္တိက္ခန္ဓ၏ တည်ရာဖြစ်ကုန်သော။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓာဘာဇနာနံ၊ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ၏ တည်ရာဖြစ်ကုန်သော။

အဘိညာသံဝတ္တနိကာနံ၊ ထူးသောအဘိညာဉ်ကို ဖြစ်စေတတ်ကုန်သော။ ပရိညာသံဝတ္တနိကာနံ၊ ပိုင်းခြား၍သိသောဉာဏ်ကို ဖြစ်စေတတ်ကုန်သော။ သမ္ဗောဓသံဝတ္တနိကာနံ၊ ကောင်းစွာထိုးထွင်း၍သိသောဉာဏ်ကို ဖြစ်စေတတ်ကုန်သော။ ဝိရာဂသံဝတ္တနိကာနံ၊ ရာဂကင်းရာ အရဟတ္တဖိုလ် ချမ်းသာကို ဖြစ်စေတတ်ကုန်သော။

နိရောဓသံဝတ္တနိကာနံ၊ ဒုက္ခအပေါင်းတို့၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာကို ဖြစ်စေတတ်ကုန်သော။ နိဗ္ဗာနသံဝတ္တနိကာနံ၊ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ဖြစ်စေတတ်ကုန်သော။တိတ္တာ ၊ သုံးပါးကုန်သော။ ဗုဒ္ဓမေသံပိဋကာနံ၊ဤပိဋကတ်တော်တို့အား။နမော၊ လက်စုံမိုး၍ ရှိခိုးပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။လ။ နမော၊ လက်စုံမိုး၍ ရှိခိုးပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။လ။ နမော၊ လက်စုံမိုး၍ ရှိခိုးပါ၏။

ပိဋကတ်သုံးပုံ ဘုရားရှိခိုးကြီးအနက်ပြီး၏။

# ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
# အမြဲမပြတ်ပုံတီးမိပ်တော်မူသော
# မဟာသရဏဂုံတော်ကြီး

အဇ္ဈတ္တေ ပါကဋပတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အဇ္ဈတ္တေ ပါကဋပတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အဇ္ဈတ္တေ ပါကဋပတံ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ၊ တတိယမ္ပိ။

# ဂုဏ်တော် ၉ ပါးတို့၏အဓိပ္ပာယ်အကျဉ်း

၁။ အရဟံ၊ မြတ်စွာဘုရားရှင်တော်ဘုရားသည် မကောင်းမှုကိုလေ့သော အညစ်အကြေး အားလုံးကို ဝါသနာနှင့်တကွ အကြွင်းမဲ့ ပယ်ပြီးဖြစ်သဖြင့်အမြင့်မြတ်ဆုံးအစင်ကြယ်ဆုံးသော သူတော်ကောင်းကြီးစင်စစ်ဖြစ်တော်မူသည်။ ထို့ကြောင့် အားလုံးတို့က ဦးထိပ်ထား၍ ရိုသေကော်ရော် ပူဇော်ထိုက်သည်။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားရှင်တော်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်၍အဟာတ်ဆုံး အသိဆုံး အနက်နဲဆုံး ပညာအရှိဆုံးဖြစ်တော်မူသည်။ မသိတာဆို၍ ဘာမျှမရှိ။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာ ၈ ပါး၊ စရဏ ၁၅ ပါးနှင့် ပြည့်စုံသည် ဖြစ်၍ ပြိုင်ဘက်မရှိ ဘုန်းတန်ခိုးအကြီးဆုံးဖြစ်တော်မူ သည်။

၄။ သုဂတော၊ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သူတပါး အကျိုး ပရဟိတကိစ္စကို ဆောင်ရွက်ရာ၌ပြိုင်ဘက်ကင်း ဖြစ်တော်မူသည်။ သူတပါးတို့၏ အကျိုးဆောင်ကြီး ဖြစ်တော်မူသည်၊

၅။ လောကဝိဒူ၊ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် လောက အကြောင်းနှင့်တကွ သတ္တဝါ အားလုံးတို့၏ စရိုက် အခြေခံသဘော အနုအရင့်ကို အကြွင်းမဲ့ အကုန်အစင် သိတော်မူသည်။ (ထို့ကြောင့် သတ္တဝါတို့၏စရိုက်နှင့် လျော်စွာ ယဉ်ကျေးလိမ္မာအောင် ဆုံးမနိုင်သည်။)

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ မြတ်ဗုဒ္ဓရှင်တော်ဘုရား သည် ကြမ်းတမ်းရိုင်းပြဆိုးသွမ်းသောသတ္တဝါအားလုံး ကိုပင် ယဉ်ကျေးအောင် ဆုံးမတော်မူရာ၌ အတုမဲ့ ဖြစ်တော်မူသည်။

၇။ သတ္ထာဒေဝ မနုဿာနံ၊ မြတ်ဗုဒ္ဓ ရှင်တော် ဘုရား သည် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အမြတ်ဆုံး ဆရာဖြစ်တော်မူသည်။

၇။ ဗုဒ္ဓေါ၊ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ဖြစ်ပေါ်လာသမျှ ပြဿနာအားလုံးတို့ကို အလွယ်တကူ တတ်သိနားလည်အောင် ဟောကြား ဖြေဆိုတော်မူနိုင်သည်။

၉။ ဘဂဝါ၊ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် လေးစား ကြည်ညိုဖွယ် ကျက်သရေရှိသော ရုပ်အဆင်း သဏ္ဍာန်နှင့် ပြည့်စုံတော်မူသည်။ ဣဿရိယ၊ဓမ္မ၊ယသ၊သီရိ၊ကာမ၊ ပယတ္တ ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူသည်။ (ရှေးဘုန်း ရှေးကံကြောင့် အသံ၏ ကောင်းခြင်း၊ အသားအရေ၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အဆင်းလှခြင်း၊လုံးရပ်သဏ္ဍာန် ခန့်ညားတင့်တယ်ခြင်း စသော ကျက်သရေအားလုံးနှင့် ပြည့်စုံတော်မူသည်။)

# လောကီလောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးရာမှန် ရှင်အရဟံ ပုတီးစိပ်နည်း နိသျည်းအဋ္ဌုပ္ပတ္တိ စာတမ်း

စစ်ကိုင်းမြို့တောင်ခြေ တခုသော ချောင်၌ အမည်အားဖြင့် မကျော်ကြားလိုသော ဆရာတော်တပါး တရားအားထုတ်တော်မူစဉ်၊ တနေ့သောအခါ ညနေ ၅ နာရီခန့် အချိန်တွင်၊ အသက်အရွယ်အားဖြင့် ၂၀ ရွယ်ရှိ ရုပ်ရည်ရူပကာယတင့်တယ်သော မိန်းကလေးတဦးသည်၊ ကျောင်းတိုက်သို့ ဝင်လာသည်ကို ဆရာတော်သည် အဝေးမှ မြင်တွေ့လေရာ၊ ဝိသဘာဂအာရုံဖြစ်၍ စကားမပြောလိုသဖြင့်၊ ကျောခိုင်း မျက်နှာလွှဲပြီး နေတော်မူ၏။

ထိုသူငယ်မလည်း ၃ မိနစ်ခန့်မျှနေပြီး ဦးချပြန်သွားလေသည်။

ထိုနည်းတူစွာ ၇ ရက်ခန့်မျှ အချိန်မှန်စွာ ရောက်လာသဖြင့် ၇ ရက်မြောက်နေ့၌ ဆရာတော်က အကြံဖြစ်သည်မှာ၊ ဤသူငယ်

မသည် အရေးကြီးသည့် တစုံတခုသော အကြောင်းကိစ္စ တခုခု ရှိ၍သာ လာခြင်းဖြစ်ပေသည်ဟု သဘောပိုက်တော်မူပြီး၊ လာ ရောက်ခြင်းအကြောင်းရင်းကို မေးမြန်းရာတွင် ''အရှင်ဘုရားကို ဖူးမြော်လို၍လာပါသည်ဘုရား''ဟုလျှောက်ထား၍ ''ဆရာတော် ဘုရားသည် သက်တော်ဝါတော်များ ဘယ်လောက်ရှိပါပြီလဲ''ဟု လျှောက်ထား၏။

ဆရာတော်ဘုရားလည်း၊ အသက် သိက္ခာများကို ပြန်ကြား အမိန့်ရှိပြီးနောက် ဒါယိကာမလေး၏အသက်ကို မေးမြန်းရာတွင် ''တပည့်တော်မသည် သထုံပြည် မနူဟာမင်းကို ပေါက္ကရာဇာ အနော်ရထာမင်း သိမ်းယူသောနေ့ဟာ တပည့်တော်တို့ အိမ် ထောင်ကျတဲ့နေ့ပါပဲ ဘုရား''ဟု လျှောက်ထားသေးရာ၊ ထိုအခါ ဆရာတော်ဘုရားက၊ သည်လိုဆိုလျှင် ဒါယိကာမလေး၏ အသက် သည် အတော်ကြီးပြီပေါ့ဟု မိန့်ကြားတော်မူ၍....

ဘယ်ဆေးကောင်းဝါးကောင်းများကို မှီဝဲရပါသလဲလို့အမိန့် ရှိသောအခါ ''ဆေးကောင်းဝါးကောင်းရယ်လို့တော့ အထူးမမှီ ဝဲရပါဘုရား၊ သထုံပြည်နှင့်ပေါက္ကံပြည်သို့ ရဟန္တာသခင် ရှင် အရဟံကြွလာစဉ်အခါက ချီးမြှင့်ပေးသနားတော်မူခဲ့တဲ့ ပုတီးစိပ် ကိုပဲ နေ့စဉ်ယုံကြည်စွာစွဲမြဲပြီး စိပ်တာပါပဲ ဘုရား'' ဟု လျှောက် ထားသေးအခါ၊ ဤပုတီးစိပ်ပုံစိပ်နည်း နိသျှည်းကို ဆရာတော် အား လှူလိုရမည်လားဟုအမိန့်ရှိပြန်ရာ၊ဆရာတော်ဘုရားကို လှူလို ၍ လာရောက်သည်မှာ ဤနေ့ပါ ၇ ကြိမ်ရှိပါပြီဘုရားဟုလျှောက် ထားပြီးနောက် အောက်ပါ ပုတီးစိပ်နည်းကို လှူဒါန်းလေ တော့၏။

ပုတီးစိပ်နည်း နိသျည်းကား—

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ၊
နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊ နာမ ရူပံ အနိစ္စံ ဒုက္ခံ
အနတ္တာ။
၅။ အနန္တံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ။
အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။

